# မြန်မာ့ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e – paper ဖတ်ရှုရန်


**ကြီးသူတို့ကို ရိုသေ လုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ တနင်္လာနေ့။ Monday, 17 August 2026 ၁၂၂၇၃



**ယနေ့ ဖတ်စရာ**

**ရွှေတောင်မြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေး** စာမျက်နှာ » ၄

**လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်** စာမျက်နှာ » ၅

Digital ID (e-ID) **စနစ်၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ** ဆောင်းပါး စာမျက်နှာ » ၆

**သက်ရှည်ကျန်းမာဖို့ ပြည်သူအားလုံးလိုက်နာစို့ .....** ဆောင်းပါး စာမျက်နှာ » ၁၁


## စက်တင်ဘာ ၁ ရက်မှစ၍ ဝိုင်ဘီအက်စ်ယာဉ်စီးခ တိုးမြှင့်ကောက်ခံမည့်ကြေညာချက်အား YRTC ပြန်လည်ပယ်ဖျက်

ရန်ကုန် ဩဂုတ် ၁၆

ယာဉ်ပြင်ဆင်ထိန်းသိမ်းစရိတ် ကြီးမြင့်လာခြင်းကြောင့် ဝိုင်ဘီအက်စ် ယာဉ်စီးခနှုန်းထားများကို စက်တင်ဘာ ၁ ရက်မှစတင်၍ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ဩဂုတ် ၁၄ ရက်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်အား ပြန်လည်ပယ်ဖျက်လိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)က ဩဂုတ် ၁၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

"၂၀၂၆ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ဝိုင်ဘီအက်စ် ခရီးသည်တင်ယာဉ်စီးခကို စက်တင်ဘာ ၁ ရက်မှစတင်၍ တိုးမြှင့်ရန်ကြေညာခြင်းအား ဩဂုတ် ၁၆ ရက်မှ ပြန်လည်ပယ်ဖျက်လိုက်ပါကြောင်း အများပြည်သူသိရှိနိုင်ပါရန် ကြေညာအပ်ပါသည်" ဟု YRTC ၏ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် ဝိုင်ဘီအက်စ်ယာဉ်များကို တွေ့ရစဉ်။



## အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်သို့ လှည်းကူးမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ ကြည့်ရှုလေ့လာ

ရန်ကုန် ဩဂုတ် ၁၆

ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် နိုင်ငံ၏ ခိုင်မာသည့် သမိုင်းကြောင်းအစဉ်အလာနှင့် ယဉ်ကျေးမှုတန်ဖိုးများ သိရှိနားလည်လာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားလာစေရန်၊ ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ရှိစေရန်နှင့် အာကာသဆိုင်ရာ ဗဟုသုတများရရှိစေရန်ရည်ရွယ်၍ စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

## ဆန်အရည်အသွေးကောင်းမွန်သည့် GW-11 မြန်မာ့ဆန်ကို ဖိလစ်ပိုင်နိုင်ငံက အဝယ်လိုက်၍ ဈေးအမြင့်ဆုံးရရှိနေ



ရန်ကုန် ဩဂုတ် ၁၆

မြန်မာ့ဆန်များကို ပြည်ပပို့ကုန်အဖြစ် နှစ်စဉ်တင်ပို့လျက်ရှိရာ ယခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ စတင်တင်ပို့သည့် ဆန်အရည်အသွေး ကောင်းမွန်သော GW–11 မြန်မာ့ဆန်အား အဝယ်လိုက်မှုကြောင့် ဈေးအမြင့်ဆုံးရရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ဖိလစ်ပိုင်နိုင်ငံသို့ မြန်မာနိုင်ငံနည်းတူ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့က ဆန်တင်ပို့လျက်ရှိပြီး

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✷



## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၃၉၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၃၉၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၅၂၇၁ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ချည်မျှင်ရှည်ဝါစိုက်ပျိုးခြင်းကို ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၉၂၃ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး စက်တင်ဘာလအထိ စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

ကြေးမုံ

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိနိုင်ငံအများစုတွင် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကို ယခင်ကထက်ပို၍ နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံ၌ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်တွင် တောင်တရုတ်ပင်လယ်မှ စတင်ဖြစ်ပေါ်ခဲ့သည့် စူပါတိုင်ဖွန်းမုန်တိုင်းရာဂီ၏ နောက်ဆက်တွဲဆိုးကျိုးများ၊ ၂၀၂၅ ခုနှစ်တွင် အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီးနှင့် ယခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီ၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်အချို့တွင်ဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုများကြောင့် လူမှုရေး၊ စီးပွားရေး ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်ခဲ့သည်။

လက်ရှိအချိန်တွင် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှု အကြီးမားဆုံးစိန်ခေါ်မှုများနှင့် ကြုံတွေ့လျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာသက်ရောက်မှုရှိသည့် အယ်လ်နီညိုဖြစ်စဉ် စတင်ဖြစ်ပေါ်နေပြီး ယခုနှစ်အကုန်တွင် အင်အားအလွန်ပြင်းထန်သော အယ်လ်နီညိုဖြစ်စဉ်ဖြစ်ပေါ်လာမည်ဟု မိုးလေဝသဌာနများက သတိပေးထားသည်။ ယခုအခါ ကမ္ဘာတစ်ဖက်ခြမ်း၌ အပူချိန်လွန်ကဲခြင်း၊ တောမီးလောင်ခြင်း၊ မိုးခေါင်ရေရှားခြင်းဖြစ်စဉ်များဖြစ်ပေါ်နေပြီး ကမ္ဘာ့တစ်ဖက်ခြမ်းတွင် သာမန်ထက်လွန်ကဲသည့် မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံခြင်း၊ ပြင်းထန်သည့် မုန်တိုင်းများတိုက်ခတ်ခြင်း၊ အင်အားပြင်းငလျင်လှုပ်ခတ်ခြင်းများနှင့်ကြုံတွေ့နေသည်ကို မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းတို့သည် အပြန်အလှန်ကြောင်းကျိုးဆက်စပ်လျက်ရှိသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ကမ္ဘာတစ်ဝန်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်တွင် နိုင်ငံတော်သမ္မတက "ရာသီဥတုပြောင်းလဲမှုလျှော့ချရေးကို နိုင်ငံတော်အနေဖြင့် ကဏ္ဍအသီးသီးတွင် စနစ်တကျအစီအမံဖြင့် အထူးအလေးထားပေါင်းစပ်ဆောင်ရွက်နေသည်ကို ဌာနဆိုင်ရာများနှင့် ပြည်သူအားလုံးက ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်နေသည်ကို သတိပေးမှာကြားလိုကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များကို လျှော့ပါးသက်သာစေရေးအတွက် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးဖြင့် နေရာတိုင်းတွင် လူတိုင်းလုပ်နိုင်ပြီး အကျိုးကျေးဇူးများစွာရနိုင်သည့် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

သစ်ပင်သစ်တောများသည် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးသည်။ ထို့ပြင်မက ရေနှင့်မြေဆီလွှာ ထိန်းသိမ်းရေးနှင့် စားရေရိက္ခာဖူလုံရေးစသည့် ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ သစ်တောသစ်ပင်များသည် သဘာဝဂေဟစနစ်များအားလုံး၏ ဗဟိုချက်ဖြစ်ပြီး စိုက်ပျိုးထိန်းသိမ်းပြီး စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေပြီး နိုင်ငံတော်သာယာဝပြောရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ကျောင်းဆောက်လုပ်လှူဒါန်းခြင်း၊ လမ်းတံတားဆောက်လုပ်လှူဒါန်းခြင်း၊ ရေတွင်းရေကန် တူးဖော်လှူဒါန်းခြင်းစသည်တို့နှင့် တန်းတူအကျိုးထူးများရရှိနိုင်သည့် ထာဝရကုသိုလ်တစ်ခုပင်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးခြင်းဖြစ်သည့်အပြင် အေးမြသည့်အရိပ်အာဝါသ၊ လှပစိမ်းစိုသည့်ရှုခင်း၊ အရောင်စုံပြီး မွှေးပျံ့သည့်ပန်းရနံ့များကိုလည်းရရှိစေသည်။ စိတ်ရင်းစေတနာကောင်းများဖြင့် သစ်ပင်စိုက်ပျိုးခြင်းသည် တူညီသည့်အကျိုးကျေးဇူးများကို ပြန်လည်ရရှိနိုင်သည်။ နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်စေရေးအတွက် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ကမ်းရိုးတန်းဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်းစီမံကိန်း စသည့် သစ်တောထိန်းသိမ်းရေးစီမံကိန်းများကို ရည်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တွန်းအားပေးဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်းသစ်တောများဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်လာပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး လျှော့ပါးသက်သာ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးရည်ရွယ်ချက်များ ပြည့်မြောက်အောင်မြင်အောင် အကောင်အထည်ပေါ်လာစေရန်အတွက် နိုင်ငံတော်ကဦးဆောင်ပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့်အတူ တစ်နိုင်ငံလုံး ဒေသအသီးသီးတွင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် သစ်ပင်စိုက်ပျိုးပွဲတော်များတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

## လှိုင်မြို့နယ်၌ သမဝါယမအသင်းလီမိတက်အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၆**



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် လှိုင်သစ္စာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်များအတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်ကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ လှိုင်သစ္စာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် အသင်းဥက္ကဋ္ဌ ဦးစိုးရင်က အသင်း၏အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လှိုင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းသန့်က သမဝါယမဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ အမှုဆောင်သုံးဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့ကို အသင်းသားများ၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ခဲ့သည်။ ထို့နောက် အသင်းသားများအား လက်ဆောင်နှင့်အသင်းသားအကျိုးဝေစု စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၃၀၀၀၀၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဩဂုတ် ၁၆**

ယနေ့နံနက် ၇ နာရီ ၃၃ မိနစ် ၀၇ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၆၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဟုမ္မလင်းမြို့၏ မြောက်-အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၅ ဒသမ ၀၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉၀ ဒီဂရီ၊ အနက် ၁၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၁ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## ၁၆ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၅၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)*

## အမျိုးသမီးဘောလုံးအကယ်ဒမီ(မန္တလေး)ကျောင်းမှ အမျိုးသမီးကစားသမား ၅၁ ဦးအတွက် ကျောင်းဝတ်စုံနှင့် အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်



မန္တလေး ဩဂုတ် ၁၆

ချမ်းမြသာစည် မြို့နယ်ရှိ အမျိုးသမီးဘောလုံး အကယ်ဒမီ (မန္တလေး)ကျောင်းတွင် Grade – 5 မှ Grade – 9 အထိ ကျောင်းသူ ၅၁ ဦး လက်ခံသင်ကြားပေးလျက်ရှိပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှပံ့ပိုးမှု၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် သင်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ အသက် သတ်မှတ်ချက်အရ U–12/U–13 တွင် အားကစားသမား ၂၅ ဦးနှင့် U–14/U–15 တွင် အားကစားသမား ၂၆ ဦး စုစုပေါင်း ၅၁ ဦး သင်ကြားပေးလျက်ရှိကြောင်းသိရကာ ကျောင်းသူ အားကစားသမား ၅၁ ဦးအတွက် ကျောင်းဝတ်စုံနှင့် အားကစားဝတ်စုံများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်က ယနေ့တွင် ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ကျောင်းခန်းမ၌ အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တာဝန်ရှိသူများက အားကစားသမားများနှင့်တွေ့ဆုံစဉ် ထိုသို့ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ကျောင်းသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သည့် အမျိုးသမီးဘောလုံး အကယ်ဒမီ၌ တက်ခွင့်ရသည့် အားကစားသမားများဖြစ်သည့်အတွက် မြန်မာ့အမျိုးသမီးဘောလုံး အားကစားကို တိုးတက်အောင်ကြိုးစားအားထုတ်စေလိုပါကြောင်း၊ အကယ်ဒမီကျောင်းသည် ပညာရေးနှင့် အားကစားနှစ်ခုလုံးကိုအဓိကထား ဆောင်ရွက်ပေးသည့် အတွက် အားကစားတွင်သာမက ပညာရေးတွင်လည်း ထူးချွန်စေလိုပါကြောင်း၊ နိုင်ငံတော်က အားကိုးရသည့် အမျိုးသမီးဘောလုံးအားကစားသမားများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

**❍ အမျိုးသားပြတိုက်မှ**

ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အထက (လှည်းကူး)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်များသို့ ကြည့်ရှုလေ့လာကြသည်။

ဦးစွာ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ခေတ်အဆက်ဆက်သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ဝင်စားစွာကြည့်ရှုလေ့လာကြပြီး အမျိုးသားပြတိုက်မှ တာဝန်ရှိသူက အမျိုးသားပြတိုက်၏ သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာပြခန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အာကာသပြတိုက်ရှိ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ အာကာသအတွင်း စေလွှတ်ခဲ့သည့် ဒုံးပျံများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများစသည့် အာကာသဆိုင်ရာ ဗဟုသုတများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

**❖ ပွင့်ဖြူမြို့နယ်မှ**

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ချည်မျှင်ရှည်ဝါ စိုက်ပျိုးတောင်သူများအား စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ဒေသနှင့် ကိုက်ညီသောမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး အသိပညာပေးလုပ်ငန်းများ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချည်မျှင်ရှည်ဝါကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ကုန်ထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပေးနိုင်သည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ဒေသမရွေး ချည်မျှင်ရှည်ဝါကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

**☆ ရွှေဖုံးမှ**

ဩဂုတ် ၁၄ ရက် မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ YRTC ရုံးချုပ်၌ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲတွင် လာမည့်စက်တင်ဘာ ၁ ရက်မှစတင်၍ ဝိုင်ဘီအက်စ်ယာဉ်စီးခနှုန်းထားများအား လက်ရှိကျပ် ၂၀၀ ကောက်ခံမှုအစား ငွေကျပ် ၃၀၀ သို့လည်းကောင်း၊ လက်ရှိငွေကျပ် ၄၀၀ ကောက်ခံမှုအစား ငွေကျပ် ၆၀၀ သို့လည်းကောင်း ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း၊ YPS ကတ်များကိုပါ အဆိုပါနှုန်းထားနည်းတူ တစ်ပြိုင်တည်း ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း YRTC က ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ယခုလိုထပ်မံကြေညာခဲ့ခြင်းဖြစ်သည်။

"နိုင်ငံတော်က ပြည်သူ့အသံနားထောင်ပြီးတော့ ပြည်သူတွေဝန်ထုပ်ဝန်ပိုးမဖြစ်အောင်၊ အခက်အခဲမရှိအောင်လို့ ယာဉ်စီးခတိုးကောက်မယ့်အစီအစဉ်ကို ပြန်လည်ပယ်ဖျက်ခိုင်းတာဖြစ်ပါတယ်" ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

ဝိုင်ဘီအက်စ်ယာဉ်စီးခနှုန်းထားများမှာ ရန်ကုန်မြို့တွင်း (Downtown) ဧရိယာအတွင်း ငွေကျပ် ၂၀၀၊ အခြား ရန်ကုန်မြို့ပြင်နှင့် ဆင်ခြေဖုံးဒေသ ငွေကျပ် ၄၀၀ နှုန်းဖြင့် ၂၀၂၁ ခုနှစ်မှ လက်ရှိကာလအထိ ကောက်ခံလျက်ရှိကြောင်း၊ YRTC ၏ ကြီးကြပ်မှုအောက်တွင် ဝိုင်ဘီအက်စ်ယာဉ်လိုင်းကုမ္ပဏီ ၂၁ ခု၊ စာရင်းရှိ ယာဉ်လိုင်း ၁၄၅ လိုင်း၊ စာရင်းရှိယာဉ်စီးရေ ၅၃၉၉ စီးရှိပြီး နေ့စဉ်ပြေးဆွဲယာဉ်လိုင်း ၁၃၄ လိုင်း၊ ယာဉ်စီးရေ ၃၃၀၀ ခန့်ဖြင့် ခရီးသည် ၁ ဒသမ ၈ သန်းခန့်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုထက်**

**✹ ဆန်အရည်အသွေးမှ**

မြန်မာနိုင်ငံမှ GW–11 အမျိုးအစားဆန်ကို အများဆုံးမှာယူမှုသည် ဆန်ကြိတ်ခွဲမှုနည်းပညာပိုင်းဆိုင်ရာထက် ဆန်မျိုးစိတ်အရည်အသွေးကောင်းမွန်မှုတို့ကြောင့် ဈေးကောင်းပေးဝယ်ယူခြင်းဖြစ်သည်။

"ပြည်ပပို့ကုန်ဆန်တင်ပို့ရာမှာ ဖိလစ်ပိုင်နိုင်ငံက GW–11 အဝယ်လိုက်နေတဲ့အတွက် လေးလအတွင်း တန်ချိန် ရှစ်သိန်းကျော် ပို့ပြီးပါပြီ။ ဖိလစ်ပိုင်ကိုဆန်တင်ပို့တဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံက ဈေးအမြင့်ဆုံးရနေပါတယ်။ တစ်ကြိမ်မှမရဘူးတဲ့ အမြင့်ဆုံးဈေးပါ။ သူတို့က GW–11 ဆန်ရဲ့အရည်အသွေးထက် ဆန်မျိုးစိတ်ကို ပိုပြီးနှစ်ခြိုက်တာကြောင့် အဝယ်လိုက်တာပါ။ ဖိလစ်ပိုင်နိုင်ငံက ပိုပြီးဝယ်ယူတာကြောင့် ဧရာဝတီတိုင်းဒေသကြီးမှာစိုက်ပျိုးသလို အခြားဒေသတွေမှာလည်း သီးသန့်စိုက်ခင်းတွေစိုက်ပျိုးပြီး မျိုးစိတ်အရည်အသွေးကို ဆက်လက်ထိန်းသိမ်းသွားဖို့လိုပါတယ်။ ဖိလစ်ပိုင်နိုင်ငံက GW–11 ဆန်ကို ဗီယက်နမ်ကနေအဝယ်များပေမယ့် မြန်မာနိုင်ငံကပိုမှာယူပြီး ထိုင်းနိုင်ငံထက် ဈေးပိုပေးအဝယ်လိုက်တာဟာ နိုင်ငံအတွက်လည်း အားရဂုဏ်ယူစရာပါ" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီမံခန့်ခွဲရေးကော်မတီဝင် ဦးစိုင်းကျော်က ပြောသည်။

ဖိလစ်ပိုင်နိုင်ငံသို့ GW–11 ဆန်တင်ပို့ရာတွင် ထိုင်းနိုင်ငံက တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၈၀ ရရှိနေပြီး မြန်မာနိုင်ငံမှ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၀ ရရှိသည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ ဧပြီလမှ ဩဂုတ်လအထိ ဆန်တန်ချိန် ရှစ်သိန်းကျော် တင်ပို့ထားပြီး ဘယ်လ်ဂျီယံနိုင်ငံသို့ဆန်ကွဲအများဆုံးတင်ပို့ခဲ့ကာ ဆန်တန်ချိန် ငါးသန်းဝယ်ယူရန်ပြင်ဆင်နေသည့် ဖိလစ်ပိုင်နိုင်ငံသို့ GW–11 ဆန်များ ဆက်လက်တင်ပို့လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးမှ GW–11 ဆန်များကို ဖိလစ်ပိုင်နိုင်ငံသို့ စတင်တင်ပို့ချိန်တွင် ဈေးအသင့်အတင့်ရခဲ့ပြီး ယခုလပိုင်းအတွင်း ဝယ်လိုအားကောင်းမှုကြောင့် မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် GW–11 ဆန်များ ဈေးကောင်းရလျက်ရှိသည်။ GW–11 မြန်မာ့ဆန်ကို ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ စတင်တင်ပို့ခဲ့ရာမှ ထိုဆန်ကို နှစ်ခြိုက်လာမှုကြောင့် မှာယူမှုများလာခြင်းဖြစ်ကြောင်းသိရသည်။ **ဓာတ်ပုံ – ကနူး– ညိမ်းသူ(သတင်းစဉ်)**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းအဖွဲ့ဖြင့် အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်သည်။

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် လေးထောင့်ကန်ဈေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးလင်းထူးဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး ရပ်ကွက်နေပြည်သူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း၊ ရောဂါကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဒဂုံတောင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်ကြည့်ရှုထောက်ပံ့အားပေး

မကွေး ဩဂုတ် ၁၆

မကွေးမြို့ပေါ်ရပ်ကွက်လေးခုနှင့် ကျေးရွာတစ်ရွာမှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၂၇ စုမှ လူဦးရေ ၅၂၅ ဦးတို့အတွက် ဆန်ရိက္ခာဖိုးနှင့် ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့်အထက် သက်ကြီး ပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများ၊ ခေါက်ဆွဲခြောက်၊ သောက်ရေသန့်နှင့် ကြက်ဥတို့ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့်အတူ မြင်းကင်းကျေးရွာရှိ အလယ်ကျောင်းဓမ္မာရုံ ရေဘေးရှောင်စခန်း၌ ထောက်ပံ့ပေးအပ်ကြသည်။



ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မင်းဘူးမြို့ မုန်ကင်းကျောင်းတိုက်အတွင်းရှိ ရေဘေးရှောင်စုရပ်နေရာနှင့် ရှင်ပင်ကြောင်လိမ်ဘုရား ရေဘေးရှောင်စုရပ်များသို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်ပင်များ စိုက်ပျိုးရေး၊ ရေကျသွားပြီးနောက် မိမိတို့၏ နေအိမ်များသို့ ပြန်လည်နေထိုင်ချိန်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်အသုံးပြုနိုင်ရေး၊ မြွေ၊ ကင်းအစရှိသော အဆိပ်ရှိသတ္တဝါတို့၏ အန္တရာယ်သတိပြုကြရေး၊ ရေဝင်၍ ခေတ္တကျောင်းပိတ်ထားရသော မိမိတို့၏ ရင်သွေးငယ်များကို ကျောင်းနေပျော်၍ စာတော်သော၊ လိမ္မာယဉ်ကျေးသော လူချွန်လူမွန်များဖြစ်စေရေး ပြုစုပျိုးထောင်ပေးရန်တို့ကို မှာကြားပြီး ရေဘေးရှောင် စုရပ်နှစ်ခုရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၄၈၉ စု၊ လူဦးရေ ၁၉၈၂ ဦးတို့အတွက် ဆန်ရိက္ခာဖိုးနှင့် ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ၅ နှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် သောက်ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ယနေ့ထောက်ပံ့မှုတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၃၁၆ သိန်းကျော်ဖြစ်ကြောင်းနှင့် ၂၀၁၉ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သော တိုင်းဒေသကြီး/ပြည်နယ် ကိုးခုရှိရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ငွေကျပ်သန်းပေါင်း ၂၈၀၀ ကျော် တန်ဖိုးရှိ ငွေနှင့် ပစ္စည်းများကို ထောက်ပံ့ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

# သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ ဝေငှ

သရက် ဩဂုတ် ၁၆

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာမှ ရေဘေးသင့်ပြည်သူများအား ဩဂုတ် ၁၄ ရက်က ဒေသဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးအဖွဲ့များက ညနေစာအာဟာရ ထမင်းဘူးများ၊ ဆေးဝါးများ ဝေငှလှူဒါန်းခဲ့ရာ ကျေးရွာနေ ပြည်သူများက လှေများဖြင့် လာရောက်လက်ခံရယူခဲ့ကြောင်း သိရသည်။ **ငွေကြယ်**



# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင် အလှူရှင်များ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင် ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင် အလှူရှင်များက ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့်ပြည်သူများ အတွက် ဆန်အိတ် ၅၀၀ ကို သွားရောက်လှူဒါန်းသည်။



လှူဒါန်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးငွေအောင်က ဆန်အိတ်များ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆန်အိတ် ၅၀၀ ကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်ထံ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် စေတနာရှင် အလှူရှင်များသည် ဧရာဝတီတိုင်းဒေသကြီးမှ အပြန်လမ်းတစ်လျှောက်ရှိရေဘေးရှောင်နေရာသို့ သွားရောက်၍ အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင် ရန်ကုန် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ကော်မတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့နှင့် လူမှုရေးရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့မှ အဖွဲ့ဝင်များ လိုက်ပါခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေး

ရွှေတောင် ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်း ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအတွင်းသို့ မြစ်ရေဝင်ရောက်လျက်ရှိရာ ရေဘေးသင့် အိမ်ထောင်စုများအား ယာယီကယ်ဆယ်ရေးစခန်းများသို့ စနစ်တကျပြောင်းရွှေ့နေရာချထားပေးသည်။



ထိုသို့ဘေးလွတ်ရာသို့ပြောင်းရွှေ့ရန်လိုအပ်သည့် ပြည်သူများအတွက် ယွန်းတန်းရပ်ကွက် ချမ်းသာကြီးဘုရား၊ သရက်တောရပ်ကွက် ရွှေဂူကြီးဘုရားဝင်း၊ ကြာနီကန်ရပ်ကွက် သာသနာ့ဗိမာန်၊ မင်းတဲကျွန်းအုပ်စု လေးဆူဘုရားဝင်းတို့တွင် ယာယီကယ်ဆယ်ရေးစခန်း ခြောက်ခု ဖွင့်လှစ်၍ အိမ်ထောင်စု ၁၉၈ စု၊ လူဦးရေ ၇၆၉ ဦးတို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် တာဝန်ရှိသူများက ကူညီပြောင်းရွှေ့ နေရာချထားပေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

ပန်းတောင်း ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ဩဂုတ် ၁၄ ရက်မှစ၍ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ထုံးဘိုကျေးရွာအုပ်စုရှိ မဟာအတုလအနန္တဘုရားဓမ္မာရုံနှင့် တောင်လတ်ဘုရားဓမ္မာရုံတို့တွင် ယာယီပြောင်းရွှေ့နေထိုင်ခဲ့ရသည့် ရေဘေးသင့်အိမ်ထောင်စုများအား ယမန်နေ့တွင် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထိုသို့ ပေးအပ်ရာတွင် ပန်းတောင်းမြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမော်နှင့်ဝန်ထမ်းများ၊ ဥသျှစ်ပင်မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများက ယာယီပြောင်းရွှေ့လာသော အိမ်ထောင်စု ၈၄ စု၊ လူဦးရေ ၃၀၇ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းစီဖြင့် စုစုပေါင်းငွေကျပ် ၁၅၃၅၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**





# ရေဦးမြို့တွင် ရေဘေးသင့်တိရစ္ဆာန်များအတွက် အစာအိတ်များ ထောက်ပံ့ပေးအပ်

ရေဦး ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့တွင် မူးမြစ်ရေမြင့်တက်ပြီး ရေဝင်ရောက်ခဲ့သည့် အောင်မင်္ဂလာရပ်ကွက်၊ ဗိုလ်အောင်ဇေယျရပ်ကွက်၊ ရွှေပြည်သာရပ်ကွက်နှင့် ရေဦးကုန်းကျေးရွာတို့မှ ကျွဲ၊ နွား၊ ဆိတ် တိရစ္ဆာန်များ အစာဖူလုံမှုရှိစေရေးအတွက် တိရစ္ဆာန်အစာအိတ်များ ဖြန့်ဖြူးပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဗိုလ်အောင်ဇေယျရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

ဦးစွာ ရေဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းနိုင်ထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက မွေးမြူသူများထံသို့ တိရစ္ဆာန်အစာအိတ် ၅၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ၆ မြို့နယ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွားကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အတွင်းပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ် ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ သိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



အဆိုပါ ရေဘေးသင့်ပြည်သူများအား အရေးပေါ် ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရှာဖွေကူညီကယ်ဆယ်ရေး၊ စားနပ်ရိက္ခာစားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဝဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags (သဲအိတ်ကြီးများ)ချခြင်း၊ မျောထုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile (သံမဏိတိုင်များ) ရိုက်သွင်းခြင်းစသည့် ဝဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

ပုသိမ် ဩဂုတ် ၁၆

ဝဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်း စီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှု ဖြစ်ပွားကာ ရေကျော်စီးဝင်ပြီး ရေဘေးသင့်ခဲ့ရသည့် ဟင်္သာတခရိုင်လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ဟင်္သာတမြို့ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာ၌ Rotary Myanmar က သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာခဲ၊ ရေသန့်၊ ဆိုလာမီးအိမ်၊ ဖန်ခွက်၊ ငါးသေတ္တာ၊ ပုစွန်ခြောက် ဘာလချောင်ကြော်၊ ပဲကတ္တီပါပြုတ်ဘူး၊ ခေါက်ဆွဲခြောက်၊ ဘီစကွတ် စသည့် ပစ္စည်းများ ပါဝင်သော Box အရေအတွက် ၁၀၀၀ ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူသည်။



ဦးစွာ လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအုပ်စု ကွင်းမကျေးရွာ၌ ရေဘေးသင့် ပြည်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လျက်ရှိကြောင်း၊ ရေပြန်ကျပါက ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားပါကြောင်း၊ တာနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ နေ့ဆိုင်း၊ ညဆိုင်းဖြင့် ပိတ်ဖို့ဆောင်ရွက်လျက်ရှိကြောင်း၊ တာပိတ်ဖို့ခြင်း လုပ်ငန်းပြီးစီးပါက ကျန်ရှိသည့်ရေများ အမြန်ဆုံး ပြန်လည်ကျဆင်းရေး အတွက် ရေဆင်းလမ်းကြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်က ရေဘေးသင့် ပြည်သူများအား အားပေးစကားပြောကြားသည်။

ထို့ပြင် အိုင်သပြုတိုက်နယ် ဆရာဝန်က ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ အပါအဝင် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေဘေးသင့် ပြည်သူများအား ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာ ဣန္ဒာသယ ကျောင်းတိုက်၌ ဒေသခံပြည်သူများ ဆက်သွယ်ရေး ကွန်ရက်များ မပြတ်တောက်စေရေးအတွက် B2B Satellite Terminal အား Call on Wheel (COW) ရွေ့လျားမိုဘိုင်းကားတွင် တပ်ဆင်ထားရှိပြီး ဖုန်းပြောခြင်းနှင့် data အသုံးပြုနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ လေးမျက်နှာမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ဆေးခန်းများ ဖွင့်လှစ်ထားရှိမှု၊ ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းမိသားစုများက ရေဘေးသင့် လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းမိသားစုများ အတွက် ပေးပို့လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

# မြို့သစ်မြို့နယ်ရှိ စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလျှောင်တမံ ရေပိုလွှဲတို့မှ ဆက်လက်ရေကျော်ကျလျက်ရှိပြီး အသိပညာပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်

မြို့သစ် ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ဩဂုတ်လဆန်းပိုင်းမှစတင်၍ မိုးများ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ယနေ့နံနက် ၆ နာရီ ဆည်ရေတိုင်းထွာချက်အရ စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင်တမံရေပိုလွှဲတို့မှ ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

စွန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၆၂၅ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၆၂၅ ဒသမ ၉၀ ပေရှိသည့်အတွက် ရေပိုလွှဲမှ သုည ဒသမ ၉ ပေခန့်၊ ဆဒ္ဒန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၅၆၀ ဒသမ ၅၀ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၅၆၀ ဒသမ ၈၀ ပေ ရှိသည့်အတွက် ရေပိုလွှဲမှ သုည ဒသမ ၃ ပေခန့် ဆက်လက်ရေကျော်ကျလျက်ရှိသည်။

စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင်တမံရေပိုလွှဲတို့မှ ရေကျော်ကျမှုရှိသော်လည်း ဆည်၏ ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်သည့်အတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်းနှင့် ဆည်တမံများ၏ အခြေအနေနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းအိဇွန်(ပြန်/ဆက်)





# မင်းလှမြို့နယ်၌ ရေဝင်ရောက်သည့် အိမ်ထောင်စုဝင်များအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်း

မင်းလှ ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြို့ပေါ်တောင်ရပ်ကွက် မြေနိမ့်ပိုင်း၌ နေထိုင်သော အိမ်ထောင်စုများနှင့် မလွန်ကျေးရွာရှိ ရေထပ်မံဝင်ရောက်မှုကြောင့် ရွှေ့ပြောင်းရန်လိုအပ်သည့် အိမ်ထောင်စုများအား ရေလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးခြင်းများကို ယမန်နေ့နံနက်ပိုင်းက မင်းလှမြို့နှင့် မလွန်ကျေးရွာ၌ ဆောင်ရွက်သည်။

ရေဝင်ရောင်မှုကြောင့် မြို့ပေါ်တောင်ရပ်ကွက်ရှိ အိမ်ခြေ ၁၅ အိမ်မှ လူဦးရေ ၆၅ ဦး၊ မလွန်ကျေးရွာရှိ အိမ်ခြေ ၄၁ အိမ်မှ လူဦးရေ ၁၃၀ အား မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်၏ စီစဉ်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ရေဘေးလွတ်ရာနေရာဖြစ်သည့် မြို့ပေါ်တောင်ရပ်ကွက် အောင်မင်္ဂလာ ဘုန်းတော်ကြီးကျောင်း ရေဘေးရှောင်စခန်းနှင့် မလွန်ကျေးရွာ စာကြောစာသင်တိုက်ရေဘေးရှောင်စခန်းတို့တွင် ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# Digital ID (e-ID) စနစ်၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ

ဝေဦးထွန်း

**ကမ္ဘာ့ထိပ်တန်းစီးပွားရေးနှင့် မူဝါဒရေးရာ သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်သော McKinsey Global Institute (MGI) ၏ ၂၀၁၉ ခုနှစ် ဧပြီလတွင် ထုတ်ပြန်ခဲ့သည့် "Digital Identification: A Key to Inclusive Growth" သုတေသနအစီရင်ခံစာအရ စနစ်တကျဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ထားသည့် Digital ID (e–ID) စနစ်သည် စီးပွားရေးအကျိုးသက်ရောက်မှုများကို အဆင့်ဆင့်ဖြစ်ပေါ်စေမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံအလိုက် စုစုပေါင်းပြည်တွင်းအသားတင်ထုတ်ကုန် (GDP) ၏ သုံးရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ ညီမျှသော စီးပွားရေးတန်ဖိုးကို ဖန်တီးပေးနိုင်မည်ဟု ခန့်မှန်းထားသည်။**

ထို့ပြင် ကုလသမဂ္ဂအာဖရိကစီးပွားရေးကော်မရှင် (UNECA) က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သော (၁၂) ကြိမ်မြောက် StatsTalk–Africa အစီအစဉ်၏ "Building Inclusive National Identity Systems – Inter–linking Digital Identity and Legal Identity" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသော ပညာရှင်များကလည်း Digital ID စနစ်သည် တိုင်းပြည်၏ GDP ကို သုံးရာခိုင်နှုန်းမှ ခုနစ် ရာခိုင်နှုန်းအထိ မြှင့်တင်ပေးနိုင်ကြောင်း သုံးသပ်ဆွေးနွေးခဲ့သည်။

သို့ရာတွင် e–ID စနစ်သည် နိုင်ငံတစ်နိုင်ငံ၏ GDP ကို တိုက်ရိုက်ဖန်တီးပေးသည့် နည်းပညာတစ်ခုမဟုတ်ပါ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများတိုးပွားလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးနိုင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ လည်ပတ်နိုင်ခြင်းတို့မှတစ်ဆင့် ဖြစ်ပေါ်လာသည်။

**စီးပွားရေးဆိုင်ရာအတားအဆီးများကို လျှော့ချပေး**

e–ID စနစ်၏ အဓိကအခန်းကဏ္ဍမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် ကိုယ်ရေးအထောက်အထားများ စိစစ်အတည်ပြုရာတွင် ကြန့်ကြာခြင်း၊ စာရွက်စာတမ်းများ ထပ်တလဲလဲတင်ပြရခြင်း၊ ဝန်ဆောင်မှုများ နှောင့်နှေးကြန့်ကြာခြင်း၊ စာရွက်စာတမ်းအတုအပပြုလုပ်ခြင်းနှင့် လိမ်လည်မှုများဖြစ်ပွားခြင်း၊ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမမီခြင်းနှင့် အစိုးရ၏ ဝန်ဆောင်မှုများ ထိရောက်မှုနည်းပါးခြင်း စသည့် စီးပွားရေးဆိုင်ရာ အတားအဆီးများကို လျှော့ချပေးနိုင်ခြင်းဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုသော် GDP တိုးတက်လာခြင်းသည် e–ID စနစ်ကြောင့် တိုက်ရိုက်ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အတားအဆီးများကို e–ID စနစ်က လျှော့ချပေးနိုင်ခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေခြင်း၊ ပြည်သူများ၏ စီးပွားရေးအခွင့်အလမ်းများကို ချဲ့ထွင်ပေးခြင်းနှင့် အစိုးရ၏ ဝန်ဆောင်မှုပေးနိုင်စွမ်းကို မြှင့်တင်ပေးခြင်းတို့မှတစ်ဆင့် စီးပွားရေးတန်ဖိုးအသစ်များကို ဖန်တီးပေးခြင်းကြောင့်လည်းဖြစ်သည်။

အထူးသဖြင့် e–ID စနစ်ကြောင့် ဘဏ်အကောင့်လွယ်ကူစွာဖွင့်လှစ်နိုင်ခြင်း၊ ဒီဂျစ်တယ်ပိုက်ဆံအိတ် (Digital Wallet) အသုံးပြုနိုင်ခြင်း၊ မိုဘိုင်းငွေပေးချေမှု၊ အသေးစားချေးငွေ၊ အာမခံနှင့် အခြားငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို ပြည်သူများ ပိုမိုလွယ်ကူစွာ လက်လှမ်းမီမီ သုံးစွဲနိုင်လာမည်ဖြစ်သည်။ ထို့ကြောင့် ယခင်က ငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို လက်လှမ်းမမီခဲ့သည့် ပြည်သူများပါ စီးပွားရေးကွန်ရက်အတွင်း အပြည့်အဝ ပူးပေါင်းပါဝင်လာနိုင်ပြီး တိုင်းပြည်၏ ဒီဂျစ်တယ်စီးပွားရေးမောင်းနှင်အားကိုလည်း ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။

ငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို ပြည်သူများ လွယ်ကူစွာလက်လှမ်းမီလာခြင်း၏ စီးပွားရေးအကျိုးသက်ရောက်မှုသည် အလွန်ပင်ကျယ်ပြန့်လှသည်။ ပြည်သူများ၏ စုဆောင်းငွေများ တိုးပွားလာသည်နှင့်အမျှ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံနိုင်သည့် အရင်းအနှီးများလည်း ပိုမိုတိုးပွားလာမည်ဖြစ်သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် လိုအပ်သော ချေးငွေများရရှိလာသဖြင့် လုပ်ငန်းများကို ပိုမိုချဲ့ထွင်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**စီးပွားရေးဆိုင်ရာငွေကြေးလည်ပတ်မှုကို ပိုမိုမြန်ဆန်**

ဒီဂျစ်တယ်ငွေပေးချေမှုများ ကျယ်ပြန့်လာခြင်းကြောင့် ငွေသားအပေါ်မှီခိုမှုကို လျှော့ချပေးနိုင်သဖြင့် စီးပွားရေးဆိုင်ရာ ငွေကြေးလည်ပတ်မှုကို ပိုမိုမြန်ဆန်စေပြီး လုပ်ငန်းများ၏စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးမည်ဖြစ်သည်။ e–ID စနစ်၏ အကျိုးကျေးဇူးသည် ဘဏ်အကောင့်အရေအတွက် တိုးပွားလာရုံမျှသာမက လူတစ်ဦးချင်းစီ၏ စီးပွားရေးအခွင့်အလမ်းများကို ပွင့်လန်းစေခြင်း၊ စီးပွားရေးလုပ်ငန်းများ၏ ငွေကြေးလက်လှမ်းမီမှုနှင့် ငွေကြေးလည်ပတ်မှုကိုမြှင့်တင်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စွန့်ဦးတီထွင်မှုများကို အားပေးအားမြှောက်ပြုခြင်းတို့မှတစ်ဆင့် နိုင်ငံ၏စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

ထို့ပြင် အွန်လိုင်းကူးသန်းရောင်းဝယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း e–ID စနစ်နှင့် နီးကပ်စွာ ဆက်စပ်လျက်ရှိသည်။ အွန်လိုင်းဈေးကွက်များတွင် ရောင်းချသူနှင့် ဝယ်ယူသူတို့၏ ကိုယ်ရေးအထောက်အထားကို ယုံကြည်စိတ်ချစွာ စိစစ်အတည်ပြုနိုင်ခြင်းသည် လိမ်လည်လှည့်ဖြားမှုများကို ထိရောက်စွာ လျှော့ချပေးနိုင်သကဲ့သို့ စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအကြား ယုံကြည်မှုကိုလည်း ပိုမိုခိုင်မာစေသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အနေဖြင့် ပြည်တွင်းဈေးကွက်အပြင် နိုင်ငံတကာ အွန်လိုင်းဈေးကွက်များသို့ပါ လွယ်ကူစွာ တိုးချဲ့ဝင်ရောက်နိုင်ပြီး ဈေးကွက်အခွင့်အလမ်းသစ်များကို ဖန်တီးနိုင်မည်ဖြစ်သည်။ ထိုသို့ ယုံကြည်စိတ်ချရမှု ပိုမိုမြင့်မားလာခြင်းသည် အွန်လိုင်းငွေပေးချေမှုနှင့် ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများကို ပိုမိုလုံခြုံမြန်ဆန်စေပြီး e–Commerce ကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်ရည်ပေါ်တွင်သာမက အစိုးရ၏ဝန်ဆောင်မှုပေးနိုင်စွမ်းနှင့် အုပ်ချုပ်ရေးစနစ်၏ ထိရောက်မှုအပေါ်၌လည်း များစွာမူတည်လျက်ရှိသည်။ နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များကို မှန်ကန်တိကျစွာ စိစစ်အတည်ပြုနိုင်ပြီး ဌာနအသီးသီးအကြား လုံခြုံစိတ်ချစွာ မျှဝေအသုံးပြုနိုင်သည့် e–ID စနစ်သည် အစိုးရ၏ ဝန်ဆောင်မှုလုပ်ငန်းစဉ်များကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရာတွင် အဓိကအခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သည်။

ယင်းစနစ်ကြောင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်လာခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ကုန်ကျစရိတ်များ လျော့နည်းသွားခြင်းနှင့် ပြည်သူများ၏ ဝန်ဆောင်မှု လက်လှမ်းမီနိုင်မှု ပိုမိုကောင်းမွန်လာခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာမှုရှိလာခြင်းကြောင့် အဂတိလိုက်စားမှုနှင့် လေလွင့်ဆုံးရှုံးမှုများကို နည်းပါးသွားစေပြီး အစိုးရနှင့် ပြည်သူအကြား ယုံကြည်မှု ပိုမိုခိုင်မာလာစေမည်ဖြစ်သည်။

**အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရ**

စာရွက်စာတမ်းအခြေပြု (Paper–based) အုပ်ချုပ်ရေးစနစ်များတွင် ဝန်ဆောင်မှုတစ်ခုရယူရန်အတွက် ပြည်သူများသည် သက်ဆိုင်ရာဌာနအသီးသီးသို့ ကိုယ်တိုင်သွားရောက်ရခြင်း၊ တူညီသော အချက်အလက်များကို ထပ်တလဲလဲ တင်ပြရခြင်းနှင့် စိစစ်အတည်ပြုမှုများအတွက် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်း စသည့်အခက်အခဲများကို ကြုံတွေ့ရလေ့ရှိသည်။

ယင်းလုပ်ငန်းစဉ်များသည် ပြည်သူများအတွက် အချိန်နှင့် ငွေကြေးများစွာ ကုန်ကျစေရုံသာမက အစိုးရအတွက်လည်း ဝန်ထမ်းအင်အား၊ စီမံခန့်ခွဲမှုစရိတ်နှင့် လုပ်ငန်းဆောင်ရွက်ချိန်များကို မလိုအပ်ဘဲ ကုန်လွန်စေသည်။ အကယ်၍ e–ID စနစ်ကို အခြေခံ၍ e–Government ဝန်ဆောင်မှုများကို တည်ဆောက်နိုင်ပါက နိုင်ငံသားတစ်ဦး၏ အချက်အလက်များကို တစ်ကြိမ်သာ စိစစ်အတည်ပြုပြီး ဝန်ဆောင်မှုအမျိုးမျိုးတွင် လုံခြုံစိတ်ချစွာ ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ရာ လုပ်ငန်းစဉ်များကို သိသိသာသာ ရိုးရှင်းလွယ်ကူသွားစေမည်ဖြစ်သည်။

ထို့ပြင် ပြည်သူများသည် အစိုးရရုံးများသို့ လူကိုယ်တိုင်လာရောက်ရန် မလိုတော့ဘဲ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများကို အွန်လိုင်းမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ ရယူနိုင်မည်ဖြစ်သည်။

အထူးသဖြင့် လူမှုဖူလုံရေးအစီအစဉ်များ၊ ထောက်ပံ့ကြေးများ၊ ပင်စင်လစာများ၊ ပညာသင်ဆုများနှင့် အခြားအစိုးရအကျိုးခံစားခွင့်များကို ဖြန့်ဝေပေးရာတွင် e–ID စနစ်သည် အမှန်တကယ် အကျိုးခံစားခွင့်ရှိသူများကို တိကျမှန်ကန်စွာ စိစစ်အတည်ပြုပေးနိုင်သည်။ ယင်းသို့ စိစစ်နိုင်ခြင်းကြောင့် အချက်အလက်များထပ်နေခြင်း၊ အတုအယောင်ကိုယ်ရေးအချက်အလက်များ အသုံးပြုခြင်း၊ စာရင်းသာရှိပြီး အမှန်တကယ်လူမရှိသည့်မှတ်တမ်းများ (Ghost Records) ဖြင့် အကျိုးခံစားခွင့်ရယူခြင်းများကို ထိရောက်စွာ တားဆီးကာကွယ်နိုင်သည်။

ထို့ကြောင့် အစိုးရ၏ထောက်ပံ့ငွေများသည် ရည်ရွယ်ထားသည့် ပြည်သူများထံသို့ တိုက်ရိုက်နှင့် မှန်ကန်စွာ ရောက်ရှိစေမည်ဖြစ်ရာ နိုင်ငံတော်၏ ဘဏ္ဍာရေးအသုံးစရိတ်များကို ပိုမိုထိရောက်စွာ သုံးစွဲနိုင်သည့်အပြင် ပြည်သူများက အစိုးရအပေါ် ယုံကြည်ကိုးစားမှုကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

သုတေသနစာတမ်းများအရ e–ID ကို အခြေခံသည့် e–Government စနစ်များသည် လူမှုဖူလုံရေး၊ အစိုးရ၏အကျိုးခံစားခွင့်များနှင့် အများပြည်သူဆိုင်ရာဝန်ဆောင်မှုများကို ဒီဂျစ်တယ်နည်းလမ်းဖြင့် လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်သဖြင့် ကမ္ဘာတစ်ဝန်းတွင် ပြည်သူများ၏ အချိန်နာရီပေါင်း ၁၁၀ ဘီလီယံခန့်ကို ချွေတာပေးနိုင်မည်ဟု ခန့်မှန်းထားသည်။

ထိုသို့ အချိန်ကုန်သက်သာစေခြင်းသည် ပြည်သူများ၏ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်ရုံမျှမက စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ပိုမိုလျင်မြန်ချောမွေ့စေသည်။ ထို့ပြင် ဝန်ထမ်းလစာစာရင်းဆိုင်ရာ လိမ်လည်မှုများကို လျှော့ချနိုင်ခြင်းဖြင့် ကမ္ဘာတစ်ဝန်းတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ထရီလီယံခန့်အထိ ဆုံးရှုံးမှုများကို ကာကွယ်ပေးနိုင်မည်ဟုလည်း သုတေသနအစီရင်ခံစာများက ဖော်ပြထားသည်။

e–ID စနစ်သည် အစိုးရ၏ မူဝါဒရေးဆွဲချမှတ်ခြင်းနှင့် အမျိုးသားစီမံကိန်းများအတွက် အရေးပါသော အထောက်အကူပြုစနစ်တစ်ခုလည်းဖြစ်သည်။ နိုင်ငံသားများ၏ အချက်အလက်များကို တိကျမှန်ကန်စွာ စုစည်းနိုင်ခြင်းကြောင့် လူဦးရေစာရင်း၊ လူမှုစီးပွားအခြေအနေ၊ အလုပ်အကိုင်၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်များကို ခေတ်မီနည်းပညာများဖြင့် ထိရောက်စွာ ခွဲခြမ်းစိတ်ဖြာနိုင်ပြီး ခိုင်လုံသောအချက်အလက်များကို အခြေခံသည့်မူဝါဒများ (Evidence–based Policies) ကို ချမှတ်နိုင်မည်ဖြစ်သည်။

ထိုသို့ တိကျသည့် အချက်အလက်များအပေါ် အခြေခံနိုင်ခြင်းကြောင့် အစိုးရ၏ ဘတ်ဂျက်အသုံးစရိတ်များကို ပိုမိုထိရောက်စွာ ခွဲဝေသုံးစွဲနိုင်သည့်အပြင် ဒေသအလိုက် လိုအပ်ချက်များကို ဖော်ထုတ်၍ အမှန်တကယ်လိုအပ်နေသော ပြည်သူများထံသို့ နိုင်ငံတော်၏ အရင်းအမြစ်များကို တိုက်ရိုက်ထိရောက်စွာ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် e–ID စနစ်သည် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အခြေခံအထောက်အပံ့တစ်ရပ်ဖြစ်သည်။ နိုင်ငံသားများ၏ ပညာရေးမှတ်တမ်းများ၊ ကျွမ်းကျင်မှုလက်မှတ်များနှင့် အလုပ်အကိုင်မှတ်တမ်းများကို ဒီဂျစ်တယ်နည်းဖြင့် စနစ်တကျစီမံခန့်ခွဲနိုင်လာခြင်းသည် လုပ်သားဈေးကွက်၏ ထိရောက်မှုကို မြှင့်တင်ပေးနိုင်သည်။

> **e-ID စနစ်သည် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီမှုကို တိုးမြှင့်ပေးခြင်း၊ အစိုးရဝန်ဆောင်မှုများ၏ ထိရောက်မှုကိုမြှင့်တင်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ၏ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ပေးခြင်း၊ အများပြည်သူဆိုင်ရာဝန်ဆောင်မှုများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းပေးခြင်း၊ လူမှုအသိုက်အဝန်းအတွင်း တန်းတူညီမျှပါဝင်ခွင့်ကို မြှင့်တင်ပေးခြင်းနှင့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ပေးခြင်းတို့မှတစ်ဆင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံအကျိုးသက်ရောက်မှုများကို ဖန်တီးပေးနိုင်**

စာမျက်နှာ ၇ သို့ ☆

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၁၆

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်း နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်သံဃာတော်များကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်လက်၍ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးသိန်းထူး၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်ချုပ်မျိုးအောင်လတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးများအား လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်နှင့် ဆရာတော် သံဃာတော်များထံ စစ်ရေးချုပ်က ဦးဆောင်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် လယ်ဝေးမြို့ မြို့ဦးတိုက်သစ် သံလမ်းပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုဇနထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၁၇ကျောင်း၊ သီလရှင်ကျောင်း ငါးကျောင်းနှင့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတို့အတွက် အလှူငွေကျပ် ၂၈၂ သိန်း ၃ သောင်း ၇ ထောင်ကျပ်၊ ဆန် ၇၀၇ အိတ်၊ ဆီ ၂၁၀ ပိဿာ ၃၀ ကျပ်သား၊ နိုင်ငံခြားဆေးမျိုးစုံ နှစ်ခြင်း၊ ဘားမားကော်ဖီ ငါးဖာ၊ Shark အချိုရည် တစ်ဖာတို့အား လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စံပယ်ပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကင်းမြို့နယ်၌ ရန်အောင်မြင်ရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် သမဝါယမဦးစီးဌာနက ရန်အောင်မြင်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အမှတ်(၅) ရပ်ကွက် ဓမ္မိကဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးစီးအရာရှိ ဒေါ်နှင်းနှင်းအေးက အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော အသင်းသားများ၏ အဆိုပြုထောက်ခံချက်များအတိုင်း အမှုဆောင်အဖွဲ့ကို ရွေးချယ်အတည်ပြုခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



☆ **စာမျက်နှာ ၆ မှ**

အလုပ်ရှင်များက လျှောက်ထားသူများ၏ အရည်အချင်းကို လွယ်ကူစွာစိစစ်နိုင်သကဲ့သို့ လုပ်သားများသည်လည်း မိမိတို့၏ပညာရေးနှင့် ကျွမ်းကျင်မှုအထောက်အထားများကို လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်နိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး နိုင်ငံ၏ ထုတ်လုပ်မှုစွမ်းအားကိုလည်း မြှင့်တင်ပေးနိုင်သည်။

e-IDစနစ်သည် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီမှုကို တိုးမြှင့်ပေးခြင်း၊ အစိုးရဝန်ဆောင်မှုများ၏ ထိရောက်မှုကိုမြှင့်တင်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ၏ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ပေးခြင်း၊ အများပြည်သူဆိုင်ရာဝန်ဆောင်မှုများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းပေးခြင်း၊ လူမှုအသိုက်အဝန်းအတွင်း တန်းတူညီမျှပါဝင်ခွင့်ကို မြှင့်တင်ပေးခြင်းနှင့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ပေးခြင်းတို့မှတစ်ဆင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံ အကျိုးသက်ရောက်မှုများကို ဖန်တီးပေးနိုင်သည်။

ထို့ကြောင့် e-ID စနစ်သည် နိုင်ငံသားတစ်ဦး၏ ကိုယ်ရေးအထောက်အထားကို သက်သေပြပေးသည့် စနစ်တစ်ခုမျှသာမက နိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေး၊ ဒီဂျစ်တယ်အစိုးရနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ပေးမည့် အမျိုးသားဒီဂျစ်တယ်အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံ (National Digital Public Infrastructure) နှင့် အမျိုးသားစီးပွားရေး အခြေခံအဆောက်အအုံ (National Economic Infrastructure) တစ်ရပ်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား**

၁။ McKinsey Global Institute. *Digital Identification: A Key to Inclusive Growth.* April 2019.
၂။ United Nations Economic Commission for Africa. (2024, February 22). *Digital ID to unlock Africa's economic value if fully implemented, say experts.*

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်ပြီး မွန်းလွဲပိုင်း ဝန်အားသုံးစွဲမှုများပြားသည့် စက်မှုလုပ်ငန်းကြီးများကို ဓာတ်အားခလျှော့ချပေး၍ ညပိုင်းအချိန်များသို့ ပြောင်းရွှေ့ဓာတ်အားသုံးစွဲနိုင်မည့်အစီအစဉ်အား အသိပေးကြေညာခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးရာတွင် အများပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဓာတ်အားရရှိစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်မှုရှိစေရေးတို့အတွက် ပြုပြင်ပြောင်းလဲမှုများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ မိုးရာသီကာလများတွင် ရေဝင်ရောက်မှု ကောင်းမွန်သောကြောင့် ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံများမှ အပြည့်အဝ ဓာတ်အားထုတ်လုပ်ပေးနိုင်သော်လည်း မဟာဓာတ်အားလိုင်းများ၏ ပို့လွှတ်နိုင်စွမ်း ကန့်သတ်ချက်များရှိနေခြင်းကြောင့် လျှပ်စစ်ဓာတ်အားအသုံးများသည့် နေ့အချိန်ပိုင်းတွင် အချိန်ပိုင်း လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ညဦးနက်ပိုင်းအချိန်တွင်မူ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ လွန်စွာလျော့နည်းသွားသဖြင့် ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှုကို လျှော့ချမောင်းနှင်ပေးရသည်ဖြစ်ရာ မိုးရာသီကာလတွင် ရေစွမ်းအင်များ ပြန်းတီးနေသည့်အပြင် ရေအားလျှပ်စစ်ထုတ်လုပ်သည့် တမံကြီးများတွင် ရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။

၃။ သို့ဖြစ်ပါ၍ ပထမအဆင့်အနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပမာဏများပြားသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အချက်များနှင့် ပြည့်စုံပါက နေ့စဉ် ညပိုင်း ၂၃:၀၀ နာရီမှ နောက်တစ်နေ့ နံနက် ၅:၀၀ နာရီအထိ အချိန်ကာလအတွင်း တစ်ယူနစ်လျှင် မူလကျပ် ၉၀၀ နှုန်းမှ ၆၀၀ ကျပ်နှုန်းသို့ လျှော့ချ၍ ဓာတ်အားရယူသုံးစွဲခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် မိုးရာသီကာလအတွင်း အချိန်နှင့်အမျှ ဆုံးရှုံးနေသည့် ရေများမှ နိုင်ငံတော်အတွက် ဝင်ငွေရရှိလာခြင်း၊ ဓာတ်အားစနစ်တည်ငြိမ်မှုရှိလာခြင်း၊ သတ်မှတ်ချက်နှင့်ကိုက်ညီပြီး ဆန္ဒရှိသည့် စက်မှုလုပ်ငန်းကြီးများသည် ညဘက်သို့ပြောင်းရွှေ့လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် နေ့ပိုင်းတွင် လျှပ်စစ်မီးသုံးစွဲသူပြည်သူများသို့ ပိုမိုဖြန့်ဖြူးပေးနိုင်ခြင်း၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ခြင်းစသည့် သုံးဦးသုံးဖလှယ် အကျိုးကျေးဇူး ရရှိစေမည်ဖြစ်ပါသည်။

၅။ နိုင်ငံတကာတွင် Smart Grid စနစ်ကို အသုံးပြုနေကြသဖြင့် ယခုကဲ့သို့ အချိန်ဖြင့် ဓာတ်အားခကောက်ခံသည့် (Time of Use-TOU) ကို အသုံးပြုနေကြပြီဖြစ်ရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း လက်ရှိအခြေအနေပေါ်တွင် မူတည်၍ ပထမအဆင့်အနေဖြင့် စတင်စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်၍ မိဘပြည်သူများအနေဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အပြုသဘောဖြင့် အကြံဉာဏ်များပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ကူညီကြပါရန် အသိပေးကြေညာ မေတ္တာရပ်ခံအပ်ပါသည်။

၆။ သိရှိလိုသည်များကို မေးမြန်းလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးချုပ် (၀၉-၄၅၀၅၄၁၂၀၀)

( ခ ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (၀၉-၄၂၈၃၀၄၂၀၃)(၁၇၁၇)

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ကိုရီးယားသမ္မတနိုင်ငံ Chosun University, School of Dentistry တို့အကြား ပညာရပ်ဆိုင်ရာ တိုးမြှင့်ပူးပေါင်းဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၁၆

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ကိုရီးယားသမ္မတနိုင်ငံ Chosun University, School of Dentistry တို့အကြား ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ



ကျော်သီဟ၊ ကိုရီးယားသမ္မတနိုင်ငံ Chosun University, School of Dentistry မှ Dean, Professor Kim Hee Jung၊ ပါမောက္ခ/ဌာနမှူးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြပါသည်။

ကိုရီးယားသမ္မတနိုင်ငံ Chosun University, School of Dentistry မှ Dean Professor Hee Jung Kim, Professor Seong Yong Moon နှင့် Dr. Chan Kyu Sun တို့ဦးဆောင်သော သွားနှင့်ခံတွင်းဆရာဝန်များအဖွဲ့က မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ၊ ကင်ဆာရောဂါ ဝေဒနာရှင်များနှင့် မျက်နှာနှင့်မေးရိုးပြုပြင်ခွဲစိတ်ကုသမှု လိုအပ်သောလူနာများအား ကုသပေးခြင်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများအတွက် သွားနှင့်ခံတွင်းပညာရပ်ဆိုင်ရာ ဟောပြောပို့ချမှုများ၊ Hands-on Course များကိုလည်း ပြုလုပ်သွားမည် ဖြစ်သည်။

နံနက်ပိုင်းကလည်း ဆေးတက္ကသိုလ် (၁) (ရန်ကုန်) ခန္ဓာဗေဒဌာန၌ ဆေးတက္ကသိုလ် (၁) (ရန်ကုန်)၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ကိုရီးယားသမ္မတနိုင်ငံ Chosun University တို့ပူးပေါင်း၍ 2nd Korea-Myanmar Cadaveric Surgical Hands-on Training ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုကျော်**



## ဒလမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

ဒလ ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယနေ့နံနက်က ဒလမြို့နယ် ရေပေးဝေရေးရုံး၊ အောင်မင်္ဂလာရပ်ကွက်နှင့် ကမာကဆစ်ဈေးတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဆွေဆွေဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးစိန်မြင့်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ဇာဇာယမင်းဦးနှင့်တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဒလမြို့နယ်သို့ ရေပေးဝေနေသောရေသိုလှောင်ကန်အား ကလိုရင်းခတ်ခြင်း၊ အောင်မင်္ဂလာရပ်ကွက်အတွင်းနေအိမ်များရှိ ရေသိုလှောင်ကန်များအား ကလိုရင်းခတ်ခြင်း၊ ရေသန့်ဆေးပြားများဖြန့်ဝေခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ကမာကဆစ်ဈေးတို့တွင် ရောင်းချနေသော အသားငါးများနှင့် အသုပ်ဆိုင်ရောင်းချနေသူ ပြည်သူများအား သန့်ရှင်း စွာရောင်းချမှုရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

## သဃ်န်းကျွန်းမြို့နယ်၌ ပြည်ထောင်စု ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ကြီးပွားရေးရပ်ကွက် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ ယမန်နေ့မွန်းလွဲ၁နာရီက ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးမင်းလွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး သဃ်န်းကျွန်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးက အမှုဆောင်သစ်ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး ဦးကျော်လွင်က အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်းသည်။ ဆက်လက်ပြီး အသင်းသားများ၏ အတည်ပြုချက်ဖြင့် အမှုဆောင်သစ် ငါးဦးအား ရွေးချယ်ပြီး အသင်းသားများအား အကျိုးခံစားခွင့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## မြစ်ကြီးနားတက္ကသိုလ်၌ သန့်ရှင်းရေးနှင့် အလင်းဖွင့်ခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်

မြစ်ကြီးနား ဩဂုတ် ၁၆

ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ် ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့အတွက် စုပေါင်းသန့်ရှင်းရေးနှင့် သစ်ပင်/သစ်ကိုင်းများ အလင်းဖွင့်ခြင်းလုပ်ငန်းများကို ယမန်နေ့က ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တက္ကသိုလ်ပရိဝုဏ်အတွင်းရှိ ပင်ကြီးမျိုးများကို မြေပြင်မှ အမြင့်ပေ ၂၀ အထိလည်းကောင်း၊ ပင်ပုမျိုးနွယ်များကို အမြင့် ၁၀ ပေအထိလည်းကောင်း အလင်းဖွင့် ခုတ်ထွင်ရှင်းလင်းခဲ့ကြပြီး တက္ကသိုလ်အတွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းမှုကို မြစ်ကြီးနားတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာစိုးမိုးလွင်နှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၅၀၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် Internal Youth Fellowship (IYF) အဖွဲ့ဝင် ၂၀၀ တို့က တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကောင်းကောင်း (မြိတ်)**



# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

**စာတည်းအဖွဲ့**

**ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်အတွင်း ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် သတင်းများအနက် ကျောင်းကျန်းမာရေး၊ ငြိမ်းချမ်းရေး၊ လူငယ်များနေ့၊ နိုင်ငံခြားဆက်ဆံရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေဘေးကယ်ဆယ်ရေး၊ အသက် ၁၂၀ ကျော်၊ လူငယ်စကားဝိုင်း၊ MSME စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု၊ Smart မီတာအသစ်များ၊ အားကစားနှင့် မှုခင်း စသည့်သတင်းများကို စုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။**

## ကျောင်းကျန်းမာရေး

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ MICC-1 ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ထူးချွန်ဆုရ ကျောင်းများကို ဆုများပေးအပ်ခဲ့သည်။

## ငြိမ်းချမ်းရေး

ဩဂုတ် ၁၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်၌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပြီး မိုင်းလားဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်၍ PDF အဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၂ ဦး စုစုပေါင်း ၂၀ သည် လက်နက်ခဲယမ်းများဖြင့် ဩဂုတ် ၁၄ ရက်တွင် ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာခဲ့သည်။ ၎င်းတို့အား ဆုကြေးငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ မိဘများထံ ပြန်လည်အပ်နှံခဲ့သည်။

## လူငယ်များနေ့

"နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား" ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ဩဂုတ် ၁၂ ရက်က နေပြည်တော်ရှိ MICC-1 ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး နိုင်ငံတကာပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့သည့် လူငယ်များအား ဆုများ ချီးမြှင့်ခဲ့သည်။

## နိုင်ငံခြားဆက်ဆံရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် သွားရောက်မည်ဖြစ်ကြောင်း ဩဂုတ် ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံ စီးပွားရေး၊ လုံခြုံရေးနှင့် လူမှုရေးကဏ္ဍများတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ပြီး မြန်မာ-ရုရှား စီးပွားရေးဖိုရမ်သို့လည်း တက်ရောက်မည်ဖြစ်သည်။

## ကျန်းမာရေး

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် ပြုလုပ်ခဲ့ရာ အောင်မြင်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၁၁ ရက်တွင် အဆိုပါလူနာများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူနာ ၁၈၂ ဦး ကုသမှုခံယူလျက်ရှိရာ ၎င်းတို့အနက် ၉၃ ဦးတွင် ဝမ်းရောဂါပိုးတွေ့ရှိခဲ့ကြောင်း ဩဂုတ် ၁၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ကျန်းမာရေးဌာနက ပြည်သူများအနေဖြင့် ရေကို ကျိုချက်သောက်ရန်၊ ယင်နားစာများ ရှောင်ကြဉ်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုစိုက်ရန် အကြံပြုထားသည်။

## စိုက်ပျိုးရေး

ရှမ်းပြည်နယ်အတွင်း ဈေးကွက်ဝင် ပေါ်ဆန်းမွှေးစပါး စမ်းသပ်စိုက်ပျိုးမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ဧက ၆၀ နှင့် လင်းခေးခရိုင် မိုင်းပန်မြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ဩဂုတ်လ ၉ ရက်က အဆိုပါ စံပြကွက်များ၌ ကျင်းပသည့် ဓာတ်မြေဩဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲများသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။ မိုင်းဆတ်မြို့နယ်တွင် မိုင်းတွမ်းတောင်ပေါ်နှင့် မြေပြန့်ဒေသတို့၌ စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ပြီး မိုင်းပန်မြို့နယ်တွင်မူ ၂၀၂၆ ခုနှစ် မိုးစပါးရာသီအတွက် ပေါ်ဆန်းမွှေးနှင့်အတူ ဘာစမာတီစပါးကိုပါ စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်သည်။

## လမ်းပန်းဆက်သွယ်ရေး

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ Telematics စနစ်တပ်ဆင်ထားသော ကုန်တင်ယာဉ် ၂၅၁၄ စီးနှင့် ခရီးသည်တင် မှန်လုံယာဉ် ၃၁၈၄ စီး ရှိလာပြီး ETC စနစ်ကိုလည်း RFID စနစ်သို့ အဆင့်မြှင့်တင် ပြောင်းလဲလျက်ရှိကြောင်း ဩဂုတ်လ ၁၀ ရက်နေ့သတင်းအရ သိရသည်။

## ရေဘေးကယ်ဆယ်ရေး

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရပ်စောက်မြို့နှင့် ကလောမြို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ဩဂုတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် စားရေရိက္ခာထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် မန္တလေးတိုင်းဒေသကြီးရှိ မတ္တရာ၊ ညောင်ဦးနှင့် စဉ့်ကိုင်မြို့နယ်တို့တွင်လည်း မြစ်ရေမြင့်တက်မှုကြောင့် ရေဘေးကူညီကယ်ဆယ်ရေးများ ဆောင်ရွက်နေရသည်။

## အသက် ၁၂၀ ကျော်

ဩဂုတ် ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထန်းတပင်မြို့နယ်ရှိ အသက် ၁၂၁ နှစ်ရှိ အဘိုး ဦးသိန်းအောင်ကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဒက္ခိဏသီရိမြို့နယ်ရှိ အသက် ၁၂၀ ပြည့်ပြီးဖြစ်သော အဘွား ဒေါ်စောကြည်ကိုလည်းကောင်း အသီးသီး သွားရောက်တွေ့ဆုံကာ ဂါရဝပြုလှူဒါန်းမှုများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့တွင် အသက် ၁၂၁ နှစ်ဖြင့် မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံးအဖြစ် ဂုဏ်ပြုခံခဲ့ရသည့် ကော့သောင်းမြို့မှ အဘွားဒေါ်ပန်းနွယ်အား တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဩဂုတ် ၁၂ ရက်တွင် သွားရောက်တွေ့ဆုံကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

## လူငယ်စကားဝိုင်း

ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ "လူငယ်စကားဝိုင်း ၂၀၂၆" ကို ဩဂုတ် ၁၅ ရက်တွင် ကျင်းပရာ တက္ကသိုလ်အသီးသီးမှ ကျောင်းသားကျောင်းသူ လူငယ် ၁၀၀၀ ကျော် တက်ရောက်ခဲ့ပြီး လူငယ်များ၏ အတွေးအမြင်နှင့် အသိပညာများကို ဖလှယ်ဆွေးနွေးခဲ့ကြသည်။

## MSME စီးပွားရေးလုပ်ငန်းများ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ငွေကျပ် ဘီလီယံ ၁၇၀ မတည်ထားပြီး ၎င်းအနက်မှ ငွေကျပ် ဘီလီယံ ၁၅၀ ကို ချေးငွေအဖြစ် ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်နေကြောင်း ဩဂုတ်လ ၁၀ ရက်နေ့တွင် ပြုလုပ်သည့်အစည်းအဝေးမှ သိရသည်။

## ရင်းနှီးမြှုပ်နှံမှု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဩဂုတ် ၁၄ ရက် အစည်းအဝေးမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြုခဲ့ရာ အလုပ်အကိုင်အခွင့်အလမ်း ၃၃၀၀ ကျော် ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ယင်းလုပ်ငန်းများတွင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍများ ပါဝင်သည်။

## Smart မီတာအသစ်များ

အိမ်သုံးနှင့် စီးပွားရေးသုံး Digital Smart မီတာအသစ်များကို ဩဂုတ်လ ၁၅ ရက်မှစတင်၍ Website မှတစ်ဆင့် တိုက်ရိုက်လျှောက်ထားနိုင်ပြီ ဖြစ်သည်။ မီတာခန့်မှန်းထားများမှာ အိမ်သုံးမီတာ ၂၅၀၀၀၀ ကျပ်နှင့် ပါဝါမီတာများအတွက် ၁၀၀၀၀၀၀ ကျပ်မှစတင်ကာ အမျိုးအစားအလိုက် သတ်မှတ်ထားသည်။

## အားကစား

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အင်္ဂလန်နိုင်ငံသား ကောလင်းဘဲလ်ကို မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ်အဖြစ် သုံးနှစ်သက်တမ်းစာချုပ်ဖြင့် ဩဂုတ် ၁၃ ရက်တွင် ခန့်အပ်လိုက်သည်။ ၎င်းသည် ဂျပန်နိုင်ငံ၌ကျင်းပမည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအသင်းကို ပထမဆုံး စတင်ကိုင်တွယ်ရမည်ဖြစ်သည်။

## မှုခင်း

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ Diamond Shine စိန်ရွှေရတနာဆိုင်ပိုင်ရှင်သည် ဩဂုတ်လ ၆ ရက် ညနေပိုင်းတွင် နေအိမ်သို့အပြန်၌ ပြန်ပေးဆွဲခံခဲ့ရသည်။ တရားခံများက ငွေကျပ်သိန်း ၄၅၀၀ နှင့် ရွှေ ၆၀ ကျပ်သား တောင်းခံခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ်လ ၇ ရက် နံနက်ပိုင်းတွင် သတင်းရရှိပြီး ၁၂ နာရီအတွင်း တရားခံ ကိုးဦးကို ဖမ်းဆီးနိုင်ခဲ့ကာ ပိုင်ရှင်ကိုလည်း အသက်ရှင်လျက် ပြန်လည်ကယ်တင်နိုင်ခဲ့သည်။

ထို့ပြင် ဩဂုတ် ၅ ရက်က ကမာရွတ်မြို့နယ် အင်းစိန်လမ်းမပေါ်တွင် ရပ်ထားသည့် ကားတစ်စီးအတွင်းမှ ငွေကျပ်သိန်း ၆၀၀ ခိုးယူခဲ့သူကို ဩဂုတ် ၉ ရက်တွင် သက်သေခံပစ္စည်းအချို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ စံပြဖဆပလရောင်းဝယ်ရေးအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ပြန်လည်ရွေးချယ်

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဖဆပလ ရပ်ကွက် စံပြဖဆပလရောင်းဝယ်ရေးအသင်း၏ ၂၀၂၅-၂၀၂၆ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ပြန်လည်ရွေးချယ်ခြင်းကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ရပ်ကွက်ခမ္မာရုံတွင် ကျင်းပသည်။



အခမ်းအနားတွင် ဖဆပလ ရပ်ကွက် စံပြဖဆပလရောင်းဝယ်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်အစီရင်ခံစာနှင့် အသင်းသား စာရင်းစစ် အစီရင်ခံစာများကို အမှုဆောင်တစ်ဦးက ဖတ်ကြားပြီး အတည်ပြုသည်။

**ထုတ်ပေး**

ယင်းနောက် အမှုဆောင် ငါးဦးနှင့် အသင်းသားစာရင်းစစ် နှစ်ဦးအား ရွေးချယ်အတည်ပြုကတိသစ္စာပြုခြင်း ဆောင်ရွက်ခဲ့ကာ တက်ရောက်သူအသင်းသားများအား အစုပေါ်အမြတ်ငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

■



ဟသ္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဟသ္သာတမြို့ပေါ်ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အေးမြသာယာရပ်ကွက် ကျန်စစ်သားလမ်းတစ်လျှောက်တွင် အဖွဲ့ပိုင် Backhoe ဖြင့် ရေမြောင်းတူးဖော်ခြင်း၊ ရေမြောင်းများအတွင်း အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့က ကြပ်မတ်ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

## ဘာသာစကားသိမှတ်ဖွယ်

# စာရေးရာတွင် အဆင့်ဆင့်စီစဉ်ပုံ

**လှသမိန်**

စာသားအဆင့်ဆင့်ခွဲပုံကို သိသာစေရန် အောက်တွင် ပုံစံပြထားပေသည်။

**ပုံစံ။**

**ကျန်းမာရေးနည်းလမ်းများ**

**အစာစားခြင်း။**

အစာ စားသောက်ရာ၌ အောက်ပါအချက်များကို ဂရုပြုရမည်။

၁။ အစားအစာ။

၂။ စားသောက်ချိန်နှင့်

၃။ စားသောက်နည်း တို့သည် အရေးကြီးသည်။

၁။ အစားအစာဟူရာ၌ စားသောက်သော အစားအစာများတွင်

(က) ကစီ၊ လောင်စာဓာတ်။

(ခ) သတ္တုဓာတ် ဆားဓာတ်။

(ဂ) ပရိုတိန်း အသားဓာတ်။

(ဃ) ဗီတာမင် ဩဇာဓာတ် စသည်ပါရှိရမည်။

(က) ကစီလောင်စာဓာတ်မှာ ကာဘိုဟိုက်ဒရိတ်ဓာတ်ပင်ဖြစ်၍ အောက်ပါအစားအစာများမှ ရရှိနိုင်သည်။

(က က) ဆန်အစားအစာ။

(ခ ခ) ဂျုံအစားအစာ။

(ဂ ဂ) အာလူး၊ ကန်စွန်းဥစသော အမြစ်အဥ အစားအစာ။

(ဃ ဃ) သကြားစသော အသွင်ပြောင်းပြီးအစာ။

(ခ) သတ္တုဓာတ်ဆားများတွင်

(က က) သံဓာတ်၊ ကြေးနီဓာတ် စသည့်သတ္တုအသွင်ဓာတ်များ။

(ခ ခ) ဆား၊ ဖော့စဖိတ် စသည့်ဆားအသွင်ဓာတ်များ။

ပါဝင်လေသည်။

(ဂ) ပရိုတိန်း အသားဓာတ်ကို။

(က က) တိရစ္ဆာန်အသားများနှင့်

(ခ ခ) ပဲအမျိုးမျိုးမှ ရရှိနိုင်သည်။

(ဃ) ဗီတာမင် ဩဇာဓာတ်မှာကား

(က က) ဗီတာမင်အေ၊ ဘီအမျိုးမျိုး၊ စီ၊ ဒီ စသောအသုံးများ ဩဇာဓာတ်နှင့်

(ခ ခ) ဗီတာမင်ကေ၊ ဗီတာမင်အီး၊ ဗီတာမင်ပီ စသည့် အသုံးနည်း ဩဇာဓာတ်။

များဟူ၍ ကွဲပြားပေသည်။

၂။ စားသောက်ချိန်နှင့် ပတ်သက်၍ကား

(က) စားချိန်မှန်ခြင်း။

(ခ) အချိန်ကြာရှည်သုံး၍ စားခြင်း။

(ဂ) စားသောက်ချိန် တစ်ခုနှင့်တစ်ခု မကွာလွန်း၊ မနီးလွန်းစေခြင်း။ စသည်တို့ကို သတိပြုရမည်။

ဤသို့ အပိုဒ်ခွဲပုံကို ကိုးကားသည့်အခါတွင်လည်း လွယ်ကူပေသည်။

အပိုဒ် ၁၊ အပိုဒ်ငယ်(ဂ)၊ အပိုဒ်ခွဲ(ခ ခ)ဟု ရည်ညွှန်းပါက- ပဲအမျိုးမျိုးမှ ရရှိနိုင်သည်။

ဟူသော စာပိုဒ်ကို ရည်ညွှန်းကြောင်း သိရှိနိုင်လေသည်။

အပိုဒ် ၁၊ အပိုဒ်ငယ်(ဃ)၊ အပိုဒ်ခွဲ(က က)ဟု ရည်ညွှန်းပါက- ဗီတာမင်အေ၊ ဘီအမျိုးမျိုး၊ စီ၊ ဒီစသော အသုံးများ ဩဇာဓာတ်

ဟူသော စာပိုဒ်ကို ရည်ညွှန်းကြောင်း သိရှိနိုင်လေသည်။

ဤသို့အားဖြင့် စာပိုဒ်အထားအသို၊ အဆင့်ဆင့်ခွဲဖြာရာ၌ စနစ်ကျန၍ ရှင်းလင်းဖွယ်ရှိပေသည်။ အချို့က အက္ခရာကို ရှေးဦးစွာသုံး၍ ဂဏန်းကို နောက်မှသုံးကြလေသည်။ သို့ရာတွင်ထပ်မံ၍ ခွဲဖြာရာ၌ ဂဏန်းနှစ်လုံးမတွဲနိုင်ဘဲ အက္ခရာကိုသာ ပြန်၍သုံးရသဖြင့်-

က၊ ၁၊ က က၊

ဟူ၍ အစဉ်ကျော်လွှားနေပေသည်။ အစီအစဉ်ကျနခြင်းသည် ရှင်းလင်းသိသာလွယ်သော အကျိုးကျေးဇူးရှိပေသည်။

## ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အရေးပေါ် ဆက်သွယ်ရေးဝန်ဆောင်မှုများ တပ်ဆင်ပံ့ပိုးပေးလျက်ရှိ

**လေးမျက်နှာ ဩဂုတ် ၁၆**

ရောဝတီတိုင်း ဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ငဝန်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်း စီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှု ဖြစ်ပွားသည့်အတွက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ရေကျော်စီးဝင်မှုများဖြစ်ပွားခဲ့ရာ ရေဘေးသင့်ဒေသခံပြည်သူများအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)မှ လူမှုအကျိုးပြုအစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်များ၊ ဆေးဝါးများ သွားရောက် လှူဒါန်းခြင်းနှင့် အရေးပေါ်ဆက်သွယ်ရေး ဝန်ဆောင်မှုများ တပ်ဆင်ပံ့ပိုးပေးလျက်ရှိသည်။



မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း (MPT)မှ လူမှုအကျိုးပြုအစီအစဉ်ဖြင့် ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် သိုင်းချောင်းမြို့ရှိ ရေတံခွန်ဘုန်းတော်ကြီးကျောင်း ရေဘေးရှောင် စခန်းနှင့် လေးမျက်နှာမြို့နယ် ပြန်လည်ထူထောင်ရေး အဖွဲ့များသို့ သွားရောက်၍ ဆန်၊ ဆီ အပါအဝင် အခြေခံ စားသောက်ကုန်များ၊ စောင်များ၊ အဝတ်အထည်များနှင့် အရေးပေါ်ဆေးဝါးများကို လှူဒါန်းပေးသည်။

အဆိုပါ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း(MPT)မှ လှူဒါန်းရာတွင် ဦးဆောင် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ကိုယ်တိုင်ကွင်းဆင်း၍ ရေဘေးသင့်မိသားစုများထံ လက်ဝယ်အရောက် တိုက်ရိုက်ပေးအပ် လှူဒါန်းကြသည်။

ထို့ပြင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း(MPT)မှရေဘေးသင့်ဒေသများ၌ ပြည်သူများအဆက်အသွယ်မပြတ်စေရန်အတွက် ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ အခမဲ့ ဆက်သွယ်ရေး ဝန်ဆောင်မှုများ ပေးအပ်ခဲ့သည့်အပြင်၊ အရေးပေါ် ဆက်သွယ်ရေး ကွန်ရက်များ ပြန်လည်ကောင်းမွန်စေရန်အတွက် ဂြိုဟ်တု ဆက်သွယ်ရေးစက် (Satellite Terminal) နှစ်စုံကို လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာအုပ်စု စာရေးကွင်း ဘုန်းတော်ကြီးကျောင်း ရေဘေးရှောင်စခန်းတွင် တစ်စုံနှင့် သခွပ်ချောင်း ကျေးရွာအုပ်စု ဆိတ်နို့ကုန်းကျေးရွာ ရေရှောင်စခန်းတို့တွင်ဩဂုတ် ၃ ရက်မှ စတင်တပ်ဆင်ဆောင်ရွက်ပေးသည်။

အလားတူ ရွေ့လျားမိုဘိုင်းစခန်း Cell on Wheels (COW) တစ်ခုကိုလည်း စာရေးကွင်းကျေးရွာတွင် တပ်ဆင်ထားရှိပြီး ဆက်သွယ်ရေး ဝန်ဆောင်မှုများ မူလအတိုင်း အပြည့်အဝ ပြန်လည်ရရှိရေး အတွက် အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဒေါ်ပုံမြို့နယ်၌ ယမုံနာ(၂) ရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

**ဒေါ်ပုံ ဩဂုတ် ၁၆**

ဒေါ်ပုံမြို့နယ်တွင် ယမုံနာ(၂)ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက အမက(၇)၌ ကျင်းပသည်။

ဦးစွာ ယမုံနာ(၂)ရောင်းဝယ်ရေးအသင်းဥက္ကဋ္ဌက အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူကြသည်။

ထို့နောက် အမှုဆောင်သစ်ရွေးချယ်ရာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နှင်းသိမ့်သိမ့်ဖြိုးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး သမဝါယမအသင်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အမှုဆောင်အဖွဲ့ဝင် သုံးဦးနှင့် အသင်းသားစာရင်းစစ်နှစ်ဦးတို့အား အမှုဆောင်သစ်များအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။ **ချစ်စုဝေ(ပြန်/ဆက်)**

## အောင်လံမြို့နယ်၌ ငှက်ပျောပင် စုပေါင်းစိုက်ပျိုးပွဲကျင်းပ



**အောင်လံ ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အထက(ခွဲ) ရေပေါ်တွင် ငှက်ပျောပင် စုပေါင်းစိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် အောင်လံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက သတ်မှတ် မြေနေရာများတွင် ငှက်ပျောပင်များကို စုပေါင်းစိုက်ပျိုးကြပြီး တက်ရောက်လာကြသူများ စိုက်ပျိုးသည့် ငှက်ပျောပင်များအား တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

## ကျုံပျော်မြို့၌ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

**ကျုံပျော် ဩဂုတ် ၁၆**

ရောဝတီတိုင်း ဒေသကြီး ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယနေ့တွင် တေဇရပ်ကွက် သောင်ရွာလမ်းမကြီး နံဘေးရှိ ပင်မရေထုတ်မြောင်းမကြီးအား တူးဖော်ဆည်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။



**လာရောက်ကြည့်ရှု**

အဆိုပါ ရေထုတ်မြောင်းမကြီး အရှည်ပေ ၁၀၀၀ အား မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စက်ယန္တရား၊ လူအင်အားတို့ဖြင့် တူးဖော်ရှင်းလင်း ဆောင်ရွက်နေမှုကို ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက လာရောက်ကြည့်ရှုသည်။

မြို့နယ် စည်ပင်သာယာရေး အဖွဲ့အနေဖြင့် မြို့သန့်ရှင်းသာယာလှပရေး၊ မိုးတွင်းကာလရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်ကာ ခြင်နှင့် အနံ့အသက်ဆိုးများကင်းဝေးပြီး သန့်ရှင်းမှုရှိစေရေးအတွက် အမှိုက်များစနစ်တကျ သိမ်းဆည်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သက်ရှည်ကျန်းမာဖို့ ပြည်သူအားလုံးလိုက်နာစို့ .....

**ကျန်းမာခြင်းဆိုသည်မှာ ရောဂါဘယကင်းရှင်းပြီး ခန္ဓာကိုယ်ချို့ယွင်းမှုမရှိရုံမျှသာမက ကာယသုခ(ရုပ်ပိုင်းဆိုင်ရာ)၊ စိတ္တသုခ(စိတ်ပိုင်းဆိုင်ရာ)၊ မိတ္တသုခ (လူမှုရေးဆိုင်ရာ) တို့နှင့်ပြည့်စုံနေသော အခြေအနေကိုဆိုလိုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၄၈ ခုနှစ်တွင် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။**

**မေဇင်ဦး**

ယနေ့ခေတ်ကာလတွင် ရာသီဥတုနှင့် ဂေဟစနစ်ပြောင်းလဲလာမှုများ၊ လူမှုဘဝနေထိုင်မှုပုံစံများ ပြောင်းလဲလာမှုနှင့်အတူ ကူးစက်ရောဂါအသစ်များ အသစ်တစ်ဖန်ပြန်လည်ဖြစ်ပွားလာသော ရောဂါများနှင့် အခြားမကူးစက်နိုင်သောရောဂါများသည် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးကို နေ့စဉ်စိန်ခေါ်မှုများအဖြစ် ပေါ်ထွက်လာလျက်ရှိပြီး ကမ္ဘာအနှံ့ရှိ လူသန်းပေါင်းများစွာ၏ ကျန်းမာရေးကိုထိခိုက်စေပါသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်ဖြစ်၍ ကျေးလက်နှင့် ဝေးလံခက်ခဲသောဒေသများတွင် နေထိုင်ကြသူများအပါအဝင် ပြည်သူအားလုံးကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက စီမံကိန်းများ၊ စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးဆိုသည့် ရည်မှန်းချက်နှစ်ရပ်ကိုချမှတ်ပြီး ကျေးလက်ဒေသအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာကုသမှုပေးခြင်းဟူသည့် နည်းနာသုံးချက်ဖြင့် စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးနည်းလမ်းဖြစ်သည့် ကျေးလက်ဒေသအထိ ကျယ်ပြန့်ထိရောက်စွာ ကျန်းမာရေးအသိပညာမြှင့်တင်ပေးခြင်းသည် အလွန်အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်ပါသည်။

လူတိုင်းလူတိုင်း ကျန်းမာရန်အတွက် ကျန်းမာရေးဆိုင်ရာသတင်းအချက်လက်များကို တိကျမှန်ကန်စွာသိရှိပြီး လိုက်နာကျင့်သုံးရန်အရေးကြီးပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံသို့ လျှောက်လှမ်းရာတွင် အရေးကြီးဆုံးအချက်မှာ ကျန်းမာရေးနှင့်ညီညွတ်သည့် **"နေထိုင်စားသောက်မှုပုံစံ"** များပင်ဖြစ်ပါသည်။ နေ့စဉ်အစားအသောက်များ စားသောက်ရာတွင် အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ရွေးချယ်စားသုံးတတ်ရန်လိုအပ်ပါသည်။

**"အစားအစာများကို ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးခြင်းသာမက ကျန်းမာစေရန်အတွက် နေ့စဉ်ပုံမှန် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းသည်လည်း အလွန်အရေးကြီးပါသည်။ တစ်ရက်လျှင် အနည်းဆုံးနာရီဝက်ခန့် တစ်ပတ်လျှင် မိနစ် ၁၅၀ ခန့် လေ့ကျင့်ခန်းလုပ်ရန်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ပြောကြားထားပါသည်။ အကောင်းဆုံးနှင့် ငွေကုန်ကြေးကျမရှိသော လေ့ကျင့်ခန်းမှာ ခပ်သွက်သွက်လမ်းလျှောက်ခြင်းပင်ဖြစ်ပါသည်။ တစ်ရက်လျှင် ခြေလှမ်းပေါင်း အနည်းဆုံး ၆၀၀၀ ခန့် လျှောက်ရန်လိုအပ်ပါသည်။ လမ်းလျှောက်ခြင်းသည် နှလုံးကျန်းမာရေးကိုလည်း အထောက်အကူပြု၍ ခန္ဓာကိုယ်အချိုးအစားကိုလည်း ထိန်းသိမ်းထားနိုင်ခြင်းကြောင့် အဝလွန်ရောဂါကိုလည်း ကာကွယ်နိုင်"**

### အာဟာရဓာတ်ခြောက်မျိုး

သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ ပဲအမျိုးမျိုး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို လုံလောက်မျှတစွာစားသောက်ရပါမည်။ အင်အားဖြစ်ထွန်းစေသော အစားအစာအုပ်စု၊ ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စုနှင့် ရောဂါကာကွယ်စေသော အစာအုပ်စု ဟူသော အစာအုပ်စု သုံးမျိုးလုံးပါရမည်ဖြစ်သကဲ့သို့ ကစီဓာတ်၊ အသားဓာတ်၊ အဆီဓာတ်၊ သတ္တုဓာတ်၊ ဗီတာမင်ဓာတ်များနှင့် ရေ စသည့်အာဟာရဓာတ်ခြောက်မျိုးပါဝင်အောင်လည်း နေ့စဉ်စားသုံးရပါမည်။

မိမိ၏ အသက်အရွယ်၊ အလုပ်အကိုင်၊ ကျန်းမာရေးအခြေအနေပေါ်မူတည်၍ အာဟာရဓာတ်များ အမျိုးအမည်စုံလင်ပြီး ပမာဏအားဖြင့်လည်း လုံလောက်မျှတအောင် စားသုံးရပါမည်။ ဥပမာ- ဆန်၊ ဂျုံ၊ ပြောင်း၊ အာလူး၊ တိရစ္ဆာန်မှရသောအစာ၊ ပဲအမျိုးမျိုး၊ ဗီတာမင်အေပါဝင်သော အသီးအရွက်နှင့် သစ်သီးဝလံများကို မိမိတို့နေထိုင်ရာဒေသအလိုက် ဒေသထွက်အာဟာရဖြစ်စေသော အစားအစာများကို စုံလင်အောင်စားသုံးသင့်ပါသည်။ မိမိတို့ စားသုံးမည့်အစားအစာများ၏ သန့်ရှင်းရေးသည် အလွန်အရေးကြီးသည့်အတွက် အစားအစာချက်ပြုတ်သည့်အခါတွင်လည်း လက်ကိုစနစ်တကျ ဆပ်ပြာဖြင့် စင်ကြယ်အောင်ဆေးကြောရပါမည်။ အစားအစာသန့်ရှင်းရေး၊ သောက်သုံးရေသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ယင်လုံအိမ်သာသုံးစွဲရေးတို့သည် ကျန်းမာရေးအခြေခံ ကောင်းမွန်ရန်အတွက် အဓိကကျသော သော့ချက်များဖြစ်ပါသည်။

ယနေ့ခေတ်အခါကာလတွင် အသင့်စားထုပ်ပိုးအစားအသောက်မျိုးစုံပေါ်လာပြီး လွယ်လင့်တကူ ဝယ်ယူစားသောက်နေကြခြင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်စေသောအရာများ သုံးစွဲခြင်း၊ အရက်သေစာအလွန်အကျွံသောက်သုံးခြင်း၊ ဓာတုဆေးဝါးများ ပါဝင်သော အချိုရည်များသောက်သုံးခြင်း၊ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများ စားသုံးခြင်းတို့ကြောင့် လူသားတို့၏ ကျန်းမာရေးကို လွန်စွာထိခိုက်စေပါသည်။

### တစ်ပတ်လျှင် မိနစ် ၁၅၀ ခန့် လေ့ကျင့်ခန်းလုပ်ရန်လိုအပ်

အစားအစာများကို ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးခြင်းသာမက ကျန်းမာစေရန်အတွက် နေ့စဉ်ပုံမှန် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းသည်လည်း အလွန်အရေးကြီးပါသည်။ တစ်ရက်လျှင် အနည်းဆုံးနာရီဝက်ခန့် တစ်ပတ်လျှင် မိနစ် ၁၅၀ ခန့် လေ့ကျင့်ခန်းလုပ်ရန်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ပြောကြားထားပါသည်။ အကောင်းဆုံးနှင့် ငွေကုန်ကြေးကျမရှိသော လေ့ကျင့်ခန်းမှာ ခပ်သွက်သွက်လမ်းလျှောက်ခြင်းပင်ဖြစ်ပါသည်။ တစ်ရက်လျှင် ခြေလှမ်းပေါင်း အနည်းဆုံး ၆၀၀၀ ခန့် လျှောက်ရန်လိုအပ်ပါသည်။ လမ်းလျှောက်ခြင်းသည် နှလုံးကျန်းမာရေးကိုလည်း အထောက်အကူပြု၍ ခန္ဓာကိုယ်အချိုးအစားကိုလည်း ထိန်းသိမ်းထားနိုင်ခြင်းကြောင့် အဝလွန်ရောဂါကိုလည်း ကာကွယ်နိုင်ပါသည်။

ကျန်းမာခြင်းသည် ချမ်းသာခြင်းဆိုသည့်အတိုင်း လူတိုင်းကျန်းမာကြံ့ခိုင်စေရန် အလွန်အရေးကြီးပါသည်။ ယနေ့ခေတ်တွင် လူသားတို့ကိုခြိမ်းခြောက်လာနေသော ရောဂါများတွင် ကူးစက်ရောဂါများသာမက မကူးစက်နိုင်သောရောဂါများလည်း ပါဝင်လာပါသည်။ ထိုရောဂါများသည် များသောအားဖြင့် အသက် ၄၀ ကျော်အရွယ်များတွင်အဖြစ်များပါသည်။ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချို သွေးချိုရောဂါ၊ နာတာရှည် အဆုတ်ရောင်ရောဂါနှင့် ကင်ဆာရောဂါများ အဖြစ်များပြီး မိမိတို့၏ မကျန်းမာသော လူနေမှုဘဝပုံစံနှင့် မကူးစက်နိုင်သောရောဂါများက များစွာဆက်စပ်နေပါသည်။

### ဆိုဒီယမ်ပါသည့် အစားအစာများ

ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကို စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် နောက်ဆက်တွဲအနေဖြင့် သွေးတိုး၊ ဆီးချို အစရှိသည့်ရောဂါများ အဖြစ်များလာခြင်းဖြစ်ပါသည်။ အဆိုပါရောဂါများသည် မိမိတို့၏ ကာလကြာရှည်စွာ နေထိုင်ကျင့်သုံးခဲ့သည့် နေထိုင်မှုပုံစံများကြောင့် ဖြစ်ပွားလာရသည်ကို သိရှိ၍ ဤအရာများကို တဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲပေးရပါမည်။ ဆိုဒီယမ်ပါသည့် အစားအစာများကိုလည်း ရှောင်ရပါမည်။

ဆိုဒီယမ်ဟုဆိုသည်နှင့် ဆားကိုသာ ယိုးစွပ်ကြပြီး အမှန်တကယ်မှာ အသင့်စားအစားအစာအားလုံးနီးပါးနှင့်အတူ အချိုမှုန့်၊ ကြက်သားမှုန့်၊ ငါးပိ၊ ငါးခြောက် စသည်တို့တွင် ဆိုဒီယမ်ဓာတ်များပါဝင်နေသည့်အတွက် သတိပြုသင့်ပါသည်။ ဤကဲ့သို့နေထိုင်စားသောက်မှုပုံစံများကို ပြောင်းလဲလိုက်သည်နှင့်အတူ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် မကူးစက်နိုင်သော ရောဂါများသည်လည်း လျော့ပါးလာမည်ဖြစ်ပါသည်။

"စိတ်ပျိုမှကိုယ်နု" ဆိုသည့်အတိုင်း မိမိစိတ်ကိုအကောင်းဆုံးဖြစ်အောင်ထားပြီး ကောင်းမွန်စွာ မွေးမြူထားတတ်ရန်လည်း လိုအပ်ပါသည်။ ထို့ကြောင့် စိတ်ကျန်းမာရေးကောင်း၍ စိတ်ဖိစီးမှုနည်းစေရန် တရားထိုင်ခြင်း၊ မိမိကြိုက်နှစ်သက်ရာသီချင်းများ နားထောင်ခြင်း၊ မိမိဝါသနာပါသောအရာများကို ဆောင်ရွက်ခြင်းအားဖြင့် စိတ်ဖိစီးမှုကို လျော့နည်းစေရန် ဆောင်ရွက်၍ရပါကြောင်း တင်ပြလိုပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်တွင် ပြည်သူတို့၏ ကျန်းမာသော မျှော်မှန်းလူ့သက်တမ်း မြင့်မားစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်ဖြစ်၍ ကျန်းမာစွာပြုမူနေထိုင်ရသည့်အချက်များကို ကျင့်ကြံနေထိုင်မည်ဆိုလျှင် ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်ကြမည်ဖြစ်ပါသည်။ **"အာရောဂျံပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟူသည့်ဆိုရိုးစကားအတိုင်း** ကျန်းမာခြင်းနှင့်ပြည့်စုံရန်အတွက် "သက်ရှည်ကျန်းမာဖို့ ပြည်သူအားလုံးလိုက်နာစို့" ဟူ၍ ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပန်းဘဲတန်းမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်ဖြန့်ဝေ

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်း ဒေသကြီး ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး (ဘီ)ရှိ ဈေးဆိုင်များ၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့ ပူးပေါင်း၍ ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးရာတွင် ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက ဦးဆောင်ပြီး ပန်းဘဲတန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဖြိုးပိုင်နှင့် ဆရာ ဆရာမများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ဈေးဆိုင်များသို့ အသိပညာပေး ဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## တိုးမြစ်ရေ မအူပင်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅ စင်တီမီတာ (၂ လက်မခန့်) အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ရုရှားခရီးသွားများ ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်မှုများပြားလာ

**ဟန္နိုင်း ဩဂုတ် ၁၆**

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ်အတွင်း ရုရှားခရီးသွား ဝင်ရောက်မှုများပြားလာကြောင်း သိရသည်။

ဗီယက်နမ် ကမ်းရိုးတန်းဒေသများသို့ ရုရှားခရီးသွားများ ဝင်ရောက်မှုများပြားလာခြင်းဖြစ်သည်။

ယခုနှစ် ပထမနှစ်ဝက်အတွင်း ရုရှားခရီးသွား ၇၄၂၀၀၀ သည် ဗီယက်နမ်နိုင်ငံအတွင်းသို့ဝင်ရောက်ခဲ့ပြီး ၎င်းပမာဏသည် ယခင်ကထက် ၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ဗဟိုစာရင်းအင်းရုံး၏ အချက်အလက်များအရ သိရသည်။

ဗီယက်နမ်နိုင်ငံသို့ လာရောက်သည့် ခရီးသွားများတွင် တရုတ်နှင့်တောင်ကိုရီးယားခရီးသွားများပြီးနောက် ရုရှားခရီးသွားများသည် တတိယနေရာတွင် တည်ရှိနေသည်။

ရုရှားခရီးသွားများ ပြည်ပသွားရောက်သည့် ခရီးများ၏ ၇ ဒသမ ၈ ရာခိုင်နှုန်းမှာ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် ရုရှားခရီးသွား တစ်သန်းကျော်ကို လက်ခံရန် ဆောင်ရွက်နေပြီး ၂၀၁၉ ခုနှစ်က စံချိန်တင်အရေအတွက်ထက် ၅၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ရုရှားခရီးသွားလုပ်ငန်းဆိုင်ရာအသင်းက ပြောကြားသည်။

ရုရှားနိုင်ငံမှ ဗီယက်နမ်နိုင်ငံ ကမ်းရိုးတန်းဒေသ Cam Ranh အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အပတ်စဉ် စင်းလုံးငှားလေယာဉ် ၈၅ စင်းမှ ၉၅ စင်းအထိ တိုက်ရိုက်ပျံသန်းလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံရှိ ဟာလောင်းပင်လယ်အော်တည်ရှိရာ ကွမ်နန်ပြည်နယ်သို့လည်း တိုက်ရိုက်လေကြောင်းလိုင်းများပြေးဆွဲရန် ကမ္ဘာပေါ်ရှိခရီးသွားလုပ်ငန်းဖြစ်သည့် ANNEX TOUR ကဲ့သို့သော လုပ်ငန်းများက တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။ ရုရှားခရီးသွားများအနေဖြင့် ဗီယက်နမ်နိုင်ငံကို သွားရောက်ရန် ရွေးချယ်ခြင်းသည် ပြည်ဝင်ခွင့်ဗီဇာပြုလုပ်ရာတွင် လွယ်ကူခြင်း၊ သင့်တင့်သည့် ခရီးသွားကုန်ကျစရိတ်ရှိခြင်း၊ တည်းခိုရန် ဟိုတယ်များကို စိတ်ကြိုက်ရွေးချယ်နိုင်ခြင်း၊ လုံခြုံစိတ်ချရမှုရှိခြင်းနှင့် သဘာဝကိုထိတွေ့ခံစားနိုင်ခြင်းစသည့် အားသာချက်များရှိခြင်းတို့ဖြစ်ကြောင်း သိရသည်။




ယခုအခါ လေကြောင်းလိုင်းများနှင့် ခရီးသွားလုပ်ငန်းများသည် နွေရာသီတွင် ဒါနန်နှင့် နာထရန်သို့ ရာသီအလိုက် ခရီးသွားအစီအစဉ်များကို ဆောင်ရွက်နေပြီး ဗီယက်နမ်နိုင်ငံအား ရုရှားခရီးသွားများအတွက် တစ်နှစ်ပတ်လုံးသွားရောက်ရာ ခရီးသွားနေရာတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား – VN Express၊ ဘာသာပြန် – စိုးသူရ**



# လွန်ခဲ့သော ငါးနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ အပြုသဘောဆောင်သော တိုးတက်မှုများ ဖြစ်ပေါ်ခဲ့

**ကဘူး ဩဂုတ် ၁၆**

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အကူအညီပေးရေးမစ်ရှင်က လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် အပြုသဘောဆောင်သော တိုးတက်မှုများကို မီးမောင်းထိုးပြခဲ့ကြောင်း အာဖဂန်နစ္စတန်အစိုးရ၏ တရားဝင်နိုင်ငံပိုင် ဘတ်ထာ သတင်းဌာနက ယနေ့ သတင်းဖော်ပြခဲ့သည်။

လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာခြင်း၊ ဘိန်းစိုက်ပျိုးမှုကို တားမြစ်ပိတ်ပင်ခြင်း၊ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းများ ရရှိလာခြင်းနှင့် ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့လုပ်ဆောင်နိုင်ခြင်းအပါအဝင် အပြုသဘောဆောင်သော တိုးတက်မှုများစွာကို အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အကူအညီပေးရေးမစ်ရှင်က ထောက်ပြပြောဆိုခဲ့ကြောင်း အဆိုပါသတင်းဌာနက ဖော်ပြထားသည်။

နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဆက်လက်ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးကူညီရန် တိုက်တွန်းခဲ့ပြီး နိုင်ငံအတွင်း တည်ငြိမ်မှုထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင်ပြေကောင်းမွန်သော အခြေအနေများ ဖန်တီးပေးရေးတို့တွင် နိုင်ငံတကာ၏ ဆက်လက်ထိတွေ့ဆက်ဆံမှုသည် အရေးပါကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အကူအညီပေးရေးမစ်ရှင်က အလေးပေးပြောကြားခဲ့သည်။

ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးကူညီရန်နှင့် နိုင်ငံ၏ ရေရှည်လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် အာဖဂန်နစ္စတန်နိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၏ အရေးပါမှုကိုလည်း အဆိုပါမစ်ရှင်အဖွဲ့က အလေးပေးဖော်ပြခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# သီရိလင်္ကာနိုင်ငံ၏ အသက်မွေးဝမ်းကျောင်း ပညာရေးအရည်အသွေး မြှင့်တင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၂၅ ဒသမ ၅၈ သန်းခန့်ကို ခွဲဝေသုံးစွဲမည်

**ကိုလံဘို ဩဂုတ် ၁၆**

သီရိလင်္ကာနိုင်ငံ၏ အသက်မွေးဝမ်းကျောင်း ပညာရေး အရည်အသွေးမြှင့်တင်ရန်အတွက် ၂၀၂၇ ခုနှစ်မှ ၂၀၃၁ ခုနှစ်အတွင်း သီရိလင်္ကာရူပီးငွေ ၄၂ ဘီလီယံနီးပါး (အမေရိကန်ဒေါ်လာ ၁၂၅ ဒသမ ၅၈ သန်းခန့်)ကို ခွဲဝေသုံးစွဲရန် အစိုးရက စီစဉ်ထားကြောင်း ဝန်ကြီးချုပ်နှင့် ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးဝန်ကြီး ဒေါက်တာဟာရီနီ အမရသူရိယက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ခွဲဝေသုံးစွဲမည့် စုစုပေါင်းရန်ပုံငွေအနက် ရူပီးငွေ ၄ ဘီလီယံခန့်ကို အသက်မွေးဝမ်းကျောင်း သင်တန်းပေးရေးအဖွဲ့အတွက် သုံးစွဲရန် လျာထားပြီး အဆိုပါအဖွဲ့ကို ပြည်နယ်တိုင်းတွင် ထားရှိရန်စီစဉ်ထားကြောင်း သိရသည်။

ပြုပြင်ပြောင်းလဲမှုများတွင် ကမ္ဘာလုံးဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီသော သင်တန်းများ မိတ်ဆက်ပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ခေတ်မီအောင်ပြုလုပ်ခြင်း၊ ဝန်ထမ်းလစ်လပ်နေရာများ ဖြည့်ဆည်းခြင်းနှင့်ကျောင်းသားများအတွက် အဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများ တိုးတက်ကောင်းမွန်စေခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်နှင့် ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးဝန်ကြီး ဒေါက်တာဟာရီနီ အမရသူရိယက ပြောကြားခဲ့သည်။

နိုင်ငံ၏ ရိုးရာဓလေ့ဖြစ်သော စာမေးပွဲအခြေပြု ပညာရေးစနစ်ထက် ကျော်လွန်၍ ပညာရေးအခွင့်အလမ်းများကို ချဲ့ထွင်ရန်နှင့် ကျောင်းသားများအတွက် ပညာရေးနှင့် အလုပ်အကိုင်ဆိုင်ရာ အခြားရွေးချယ်စရာလမ်းကြောင်းများကို ဖန်တီးပေးရန် အစိုးရက ကြိုးပမ်းလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံ၏ အမျိုးသားအဆင့် တိုးတက်မှုအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါလျက်ရှိကြောင်းနှင့် လူငယ်များအကြား ယုံကြည်မှုအားကောင်းစေမည့်အပြင် မတူကွဲပြားသော ပညာရေးအခွင့်အလမ်းများကို ဖန်တီးပေးရန် အစိုးရက ရည်မှန်းထားကြောင်း အသက်မွေးဝမ်းကျောင်းပညာရေး ဒုတိယဝန်ကြီး နာလင်း ဟီဝါဂျီက ဖြည့်စွက်ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေးတပ်ဖွဲ့က ဟားမတ်စ်တပ်ခွဲမှူး တစ်ဦးကို တိုက်ခိုက်ချေမှုန်းခဲ့

**ဂျေရုဆလင် ဩဂုတ် ၁၆**

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေးနိုင်ငံတောင်ပိုင်းအပေါ် ဟားမတ်စ်အဖွဲ့၏ တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု ယူဆရသော ဟားမတ်စ်တပ်ခွဲမှူး တစ်ဦးကို တိုက်ခိုက်ချေမှုန်းခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ယနေ့ သတင်းထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်အရ ဟားမတ်စ်အဖွဲ့၏ စစ်ရေးဌာနခွဲဖြစ်သော ရှန်တီ တပ်ရင်းတွင် တပ်ခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မူဟာမတ် ဘာဆမ် မူဟာမတ် မတ်ရှိတာဟာ အား လွန်ခဲ့သောနှစ်ပတ်ခန့်က ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း၌ တိုက်ခိုက်ချေမှုန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ပွဲကာလတစ်လျှောက်လုံး အစ္စရေးနိုင်ငံသားဓားစာခံအများအပြားကို ဖမ်းဆီးထိန်းသိမ်းထားရာတွင် မတ်ရှိတာဟာက ပါဝင်ပတ်သက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။ မတ်ရှိတာဟာသည် အစ္စရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများအပေါ် တိုက်ခိုက်မှုများ ပြုလုပ်ရန် ကြိုးပမ်းခဲ့သဖြင့် အစ္စရေးတပ်မတော်က ၎င်းကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**



# နယူးဇီလန်နိုင်ငံရှိ ရုပ်ရှင်ရုံတစ်ရုံ၌ မီးလောင်မှုဖြစ်

**အော့ကလန် ဩဂုတ် ၁၆**

နယူးဇီလန်၏ အကြီးဆုံးမြို့ဖြစ်သော အော့ကလန်မြို့ ဈေးဝယ်စင်တာအတွင်းရှိ ရုပ်ရှင်ရုံတစ်ရုံ၌ ဩဂုတ် ၁၆ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်သည် ထိတ်လန့်ဖွယ်ဖြစ်ကြောင်းနှင့် ဒေသခံ ၁၀၀ သည် ဈေးဝယ်စင်တာအပြင်ဘက်တွင် ရပ်နေကြကြောင်း ဈေးဝယ်စင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နယူးဇီလန် မီးသတ်နှင့် အရေးပေါ်ဌာနက ယင်းဖြစ်ရပ်ကို တတိယအဆင့် မီးလောင်မှုအဖြစ် သတ်မှတ်ခဲ့ပြီး အဆိုပါဒေသတစ်ဝန်းမှ မီးသတ်သမားများကို မီးငြိမ်းသတ်ရန် အကူအညီတောင်းခံခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# နိုင်ငံတော်၏ အနာဂတ်ရင်သွေးငယ်များနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး

ဒေါက်တာအောင်ညွန့်ပိုင်

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး" ဆိုသည့်စကားအတိုင်း ယနေ့ခေတ်ကလေးငယ်များနှင့် ကျောင်းသားလူငယ်များသည် အနာဂတ်တွင် မိမိတို့၏ မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်ကို ဦးဆောင်ပဲ့ကိုင်ကြမည့် အဓိကအသက်သွေးကြောများ ဖြစ်ကြသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ကောင်းမွန်ရန်လိုအပ်သကဲ့သို့ ထိုအဆောက်အအုံများကို မောင်းနှင်မည့် လူသားအရင်းအမြစ်များ (Human Resources) စွမ်းရည်ထက်မြက်ရန်လည်း အထူးလိုအပ်သည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်မှာမူ အခြားမဟုတ်ပေ။ ဉာဏ်ရည်ထက်မြက်ပြီး ကျန်းမာကြံ့ခိုင်သော လူဦးရေရှိနေခြင်းပင်ဖြစ်သည်။

လူတစ်ဦး၏ ကျန်းမာကြံ့ခိုင်မှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုသည် ၎င်း၏ငယ်စဉ်ဘဝ အထူးသဖြင့် အသက်(၅)နှစ်အောက်ကလေးဘဝနှင့် ကျောင်းနေအရွယ် လူငယ်ဘဝများတွင်ရရှိခဲ့သော အာဟာရဓာတ်များအပေါ် တိုက်ရိုက်မူတည်နေသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် ဩဂုတ်လ၏ ဒုတိယပတ်ကို "အသက် (၅) နှစ်အောက် ကလေးငယ်များနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်" အဖြစ် သတ်မှတ်ကာ တစ်မျိုးသားလုံးအကျုံးဝင်သည့် အသိပညာပေးမှုများနှင့် ကွင်းဆင်းစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေခြင်းဖြစ်သည်။ ဤဆောင်းပါးတွင် အဆိုပါ အရေးကြီးသော ရက်သတ္တပတ်၏ ရည်ရွယ်ချက်များ၊ အသက် (၅) နှစ်အောက် ကလေးများတွင် ကြုံတွေ့ရလေ့ရှိသည့် အာဟာရပြဿနာများနှင့် ဖြေရှင်းနည်းများ၊ ကျောင်းသားလူငယ်များ၏ ကျန်းမာရေးနှင့် အာဟာရကဏ္ဍ၊ မိဘနှင့် ပတ်ဝန်းကျင်၏ အခန်းကဏ္ဍတို့ကို ဆွေးနွေးတင်ပြသွားမည်ဖြစ်သည်။

### အပိုင်း (၁)
### အသက် (၅) နှစ်အောက် ကလေးငယ်များ၏ အာဟာရနှင့် ကြီးထွားဖွံ့ဖြိုးမှု

အသက် (၅) နှစ်အောက် ကလေးငယ်ဘဝသည် လူ့သက်တမ်းတစ်ခုတွင် ရုပ်ပိုင်းဆိုင်ရာနှင့် ဦးနှောက်အာရုံကြောပိုင်းဆိုင်ရာဖွံ့ဖြိုးမှု အမြန်ဆုံးနှုန်းဖြင့် ဖြစ်ပေါ်သည့် အချိန်ကာလဖြစ်သည်။ စာရင်းဇယားများအရ လူတစ်ဦး၏ ဦးနှောက်ဖွံ့ဖြိုးမှု ၈၀ ရာခိုင်နှုန်းကျော်သည် အသက် (၃) နှစ် မပြည့်ခင် ပြီးစီးသွားတတ်သည်ဟု ဆိုသည်။ ထို့ကြောင့် ဤအရွယ်တွင် အာဟာရချို့တဲ့မှု ခံစားရပါက ကလေး၏ရုပ်ပိုင်းဆိုင်ရာ ကြီးထွားမှုကို ထိခိုက်စေရုံသာမက ဉာဏ်ရည်ဖွံ့ဖြိုးမှုကိုပါ ရေရှည်ထိခိုက်သွားစေနိုင်သည်။

**၁။ အာဟာရချို့တဲ့မှု ပုံစံနှစ်မျိုးနှင့် ဆိုးကျိုးများ**

အသက် (၅) နှစ်အောက် ကလေးငယ်များတွင် အာဟာရချို့တဲ့မှုကို အဓိကအားဖြင့် ပုံစံနှစ်မျိုးဖြင့် တွေ့ရှိရသည်။

**အသက်အရွယ်အလိုက် အရပ်ပုခြင်း** (Stunting)။ ၎င်းသည် မိခင်ဝမ်းဗိုက်အတွင်း သန္ဓေတည်စ အချိန်မှစ၍ အသက် (၂) နှစ်အထိ ကာလအတွင်း ရေရှည်အာဟာရချို့တဲ့မှု (Chronic Malnutrition) ခံစားခဲ့ရခြင်းကြောင့်ဖြစ်သည်။ အရပ်ပုခြင်းခံစားရသော ကလေးများသည် အရွယ်ရောက်သည့်အခါတွင်လည်း အလုပ်လုပ်နိုင်စွမ်းရည်နှင့် ဉာဏ်ရည်ဉာဏ်သွေးပိုင်းတွင် အခြားကလေးများထက် နိမ့်ကျသွားတတ်သည်။

**အရပ်အမောင်းအလိုက် ပိန်လှီခြင်း** (Wasting)။ ၎င်းသည် လတ်တလော အစားအစာလုံလောက်စွာမရရှိခြင်း သို့မဟုတ် ဝမ်းပျက်ဝမ်းလျှောရောဂါကဲ့သို့သော ကူးစက်ရောဂါများ ပြင်းထန်စွာခံစားရခြင်းကြောင့် ဖြစ်ပေါ်လာသည့် လတ်တလော အာဟာရချို့တဲ့မှု (Acute Malnutrition) ဖြစ်သည်။ ထိုအခြေအနေသည်ကလေးအားသေဆုံးသည်အထိ အန္တရာယ်ဖြစ်စေနိုင်သဖြင့် အရေးပေါ်ကုသစောင့်ရှောက်မှု လိုအပ်သည်။

**၂။ အစာအုပ်စု (၃) စု မျှတစွာကျွေးမွေးခြင်း**
**အလေ့အထ**

ကလေးအသက် (၆) လပြည့်ပြီးနောက်ပိုင်းတွင် မိခင်နို့အပြင် ဖြည့်စွက်စာကို စတင်ကျွေးမွေးရသည်။ ထိုသို့ ကျွေးမွေးရာတွင် အောက်ပါ အစာအုပ်စု (၃) စုစလုံး နေ့စဉ်မျှတစွာပါဝင်ရန် အထူးလိုအပ်သည်။

**အင်အားဖြစ်စေသော အစားအစာများ** (Energy-giving foods)။ ။ ဆန်၊ ဂျုံ၊ ပြောင်း၊ ကန်စွန်းဥ၊ အာလူးနှင့် ဆီ၊ ထောပတ် စသည်တို့ဖြစ်သည်။ ကလေးငယ်များ နေ့စဉ်ဆော့ကစားရန်နှင့် ခန္ဓာကိုယ်လှုပ်ရှားရန်အတွက် လိုအပ်သော ကယ်လိုရီအင်အားကို ပေးစွမ်းသည်။

**ကြီးထွားစေသော အစားအစာများ** (Body-building foods)။ ။ အသား၊ ငါး၊ ဥအမျိုးမျိုး (ကြက်ဥ၊ ဘဲဥ)၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ပဲအမျိုးမျိုးတို့ဖြစ်သည်။ ထိုအစားအစာများတွင် ပါဝင်သော ပရိုတင်း(Protein) ဓာတ်သည် ကလေး၏ကြွက်သားများ၊ အရိုးများနှင့် တစ်သျှူးများ ကြီးထွားရန်အတွက် မရှိမဖြစ် လိုအပ်သည်။

> **အသက် (၅) နှစ်အောက် ကလေးငယ်ဘဝသည် လူ့သက်တမ်းတစ်ခုတွင် ရုပ်ပိုင်းဆိုင်ရာနှင့် ဦးနှောက်အာရုံကြောပိုင်းဆိုင်ရာဖွံ့ဖြိုးမှု အမြန်ဆုံးနှုန်းဖြင့် ဖြစ်ပေါ်သည့် အချိန်ကာလဖြစ်သည်။ စာရင်းဇယားများအရ လူတစ်ဦး၏ ဦးနှောက်ဖွံ့ဖြိုးမှု ၈၀ ရာခိုင်နှုန်းကျော်သည် အသက် (၃) နှစ်မပြည့်ခင် ပြီးစီးသွားတတ်သည်ဟု ဆိုသည်။ ထို့ကြောင့် ဤအရွယ်တွင် အာဟာရချို့တဲ့မှုခံစားရပါက ကလေး၏ရုပ်ပိုင်းဆိုင်ရာ ကြီးထွားမှုကို ထိခိုက်စေရုံသာမက ဉာဏ်ရည်ဖွံ့ဖြိုးမှုကိုပါ ရေရှည်ထိခိုက်သွားစေနိုင်**

**ရောဂါကာကွယ်စေသော အစားအစာများ** (Protective foods)။ ။ စိမ်းစိုသော ဟင်းသီးဟင်းရွက်များနှင့် ရောင်စုံမှည့်သော သစ်သီးဝလံများ (ဥပမာ - ကန်စွန်းရွက်၊ မုန်လာဥနီ၊ သင်္ဘောသီးမှည့်) ဖြစ်သည်။ ၎င်းတို့တွင် ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သဖြင့် ကလေးငယ်ကို ရောဂါဘယများရန်မှ ကာကွယ်ပေးပြီး ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးသည်။

**၃။ မရှိမဖြစ် ဗီတာမင်နှင့် သတ္တုဓာတ်များ**
**ဖြည့်တင်းခြင်း**

ရက်သတ္တပတ်လှုပ်ရှားမှုများတွင် အသက် (၅) နှစ်အောက် ကလေးငယ်များကို အာဟာရဆေးများ တိုက်ကျွေးခြင်းကို ပူးတွဲဆောင်ရွက်သည်။

**ဗီတာမင် အေ (Vitamin A) တိုက်ကျွေးခြင်း**။ ။ အသက် (၆) လမှ (၅) နှစ်အောက် ကလေးများကို ဗီတာမင်အေဆေးလုံးများ ပုံမှန်တိုက်ကျွေးခြင်းဖြင့် မျက်စိကွယ်ခြင်းမှကာကွယ်နိုင်သည့်အပြင် ဝက်သက်ရောဂါနှင့် ဝမ်းပျက်ရောဂါများကြောင့် သေဆုံးနိုင်ခြေကို သိသိသာသာ လျော့ကျစေသည်။

သံချဆေးတိုက်ကျွေးခြင်း(Deworming)။ ။ ကလေးများ၏ ဝမ်းဗိုက်အတွင်း သန်ကောင်များရှိနေပါက ကလေးစားသုံးလိုက်သော အာဟာရများကို သန်ကောင်များက စုပ်ယူသွားသဖြင့် ကလေးတွင် သွေးအားနည်းရောဂါနှင့် အာဟာရချို့တဲ့မှု ဖြစ်ပွားစေသည်။ ထို့ကြောင့် အသက် (၁) နှစ်မှ (၅) နှစ်အောက် ကလေးငယ်များကို (၆) လတစ်ကြိမ် သံချဆေး ပုံမှန်တိုက်ကျွေးရမည်။

### အပိုင်း (၂)
### ကျောင်းသားလူငယ်များ၏ ကျန်းမာရေးနှင့် အာဟာရကဏ္ဍ

ကလေးငယ်တစ်ဦးသည် အသက် (၅) နှစ်ကျော်၍ ကျောင်းနေအရွယ်သို့ ရောက်ရှိလာသည့်အခါ ၎င်းတို့၏ လူမှုပတ်ဝန်းကျင်သည် မိသားစုအတွင်းမှသည် ကျောင်းနှင့် သူငယ်ချင်းများဆီသို့ ကျယ်ပြန့်လာသည်။ ဤအရွယ်တွင် ကိုယ်ခန္ဓာကြီးထွားမှုနှုန်းသည် တစ်သမတ်တည်း ဆက်လက်ရှိနေပြီး အထူးသဖြင့် ဆယ်ကျော်သက်အရွယ်သို့ ကူးပြောင်းချိန်တွင် ဒုတိယအကြိမ်အဖြစ် ခန္ဓာကိုယ်ဖွံ့ဖြိုးမှု အရှိန်အဟုန်အလွန်မြန်ဆန်လာသည်။

**၁။ ကျောင်းသားလူငယ်များနှင့် သင်ယူမှုစွမ်းရည်**

အာဟာရပြည့်ဝမျှတစွာရရှိသော ကျောင်းသားတစ်ဦးသည် စာသင်ခန်းအတွင်း အာရုံစူးစိုက်မှု (Concentration) ကောင်းမွန်ပြီး ဉာဏ်ရည်ထက်မြက်ကာ သင်ခန်းစာများကို လျင်မြန်စွာ မှတ်မိလွယ်သည်။ ဆန့်ကျင်ဘက်အားဖြင့် မနက်စာမစားဘဲ ကျောင်းတက်ရသောကလေးများ သို့မဟုတ် သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းနေသော ကလေးများသည် စာသင်ချိန်တွင် ငိုက်မျဉ်းခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် မှတ်ဉာဏ်အားနည်းခြင်း စသည်တို့ကို ကြုံတွေ့ရတတ်သည်။ ၎င်းသည် ကျောင်းသားလူငယ်များ၏ ပညာရေးအရည်အချင်းကို တိုက်ရိုက်ထိခိုက်စေသည်။

**၂။ ကျောင်းမုန့်ဈေးတန်း အဆင့်မြှင့်တင်ရေးနှင့် ကျန်းမာရေး အသိပညာ**

ကျောင်းမုန့်ဈေးတန်း သန့်ရှင်းရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ ရောင်းချရေးသည် အလွန်အရေးကြီးသည်။

ရှောင်ကြဉ်ရမည့် အစားအစာများမှာ ဓာတုဆိုးဆေး အလွန်အကျွံပါသော မုန့်များ၊ သက်တမ်းလွန်အစားအစာများ၊ အချိုရည်များနှင့် အာဟာရတန်ဖိုးမရှိဘဲ ဆားနှင့် အချိုမှုန့် အလွန်အကျွံပါသော အသင့်စားအာလူးကြော်ကဲ့သို့သော အစားအစာ (Junk Food) များဖြစ်သည်။ ထိုအစားအစာများသည် ရေရှည်တွင် ကလေးများကို အဝလွန်ခြင်း၊ ဆီးချိုနှင့် နှလုံးရောဂါ စသည်တို့ကို ဖြစ်ပွားစေနိုင်သည်။

စားသုံးသင့်သည့် အစားအစာများမှာ လတ်တလောချက်ပြုတ်ထားသော သန့်ရှင်းသည့် မြန်မာ့ရိုးရာမုန့်များ၊ အသီးအနှံများ၊ အခွံမာသီးများနှင့် နို့ထွက်ပစ္စည်းများဖြစ်သည်။ ကျောင်းများတွင် ကျောင်းကျန်းမာရေးကော်မတီများ ဖွဲ့စည်းကာ ကျောင်းမုန့်ဈေးတန်းကို စနစ်တကျ စစ်ဆေးကြီးကြပ်သင့်သည်။

**၃။ ကျောင်းအခြေပြု သံဓာတ်နှင့် ဖောလစ်အက်စစ် ဖြန့်ဝေခြင်း**

ဆယ်ကျော်သက် ကျောင်းသားလူငယ်များ အထူးသဖြင့် အမျိုးသမီးငယ်များသည် ဓမ္မတာစတင်လာချိန်တွင် သံဓာတ်ဆုံးရှုံးမှု ပိုမိုများပြားသဖြင့် သွေးအားနည်းရောဂါ (Anemia) ဖြစ်ပွားရန် အခွင့်အလမ်းပိုများသည်။ ထို့ကြောင့် ကျောင်းများတွင် သံဓာတ်နှင့် ဖောလစ်အက်စစ် (Iron and Folic Acid) ဆေးပြားများကို အပတ်စဉ် စနစ်တကျ တိုက်ကျွေးခြင်းဖြင့် လူငယ်များ သွေးအားနည်းရောဂါကင်းဝေးပြီး လန်းဆန်းတက်ကြွစွာ ပညာသင်ကြားနိုင်မည်ဖြစ်သည်။

### အပိုင်း (၃)
### အာဟာရဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

ကလေးငယ်များနှင့် လူငယ်များ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းသည် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်း၏ ကြိုးပမ်းမှုဖြင့် မလုံလောက်ဘဲ မိဘများ၊ ဆရာ ဆရာမများ၊ ရပ်ရွာလူထုနှင့် သက်ဆိုင်ရာ နှီးနွယ်ဌာနများ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

**၁။ မိခင်နှင့် အုပ်ထိန်းသူများအား ကျန်းမာရေး အသိပညာပေးခြင်း**

အိမ်တစ်အိမ်၏ မီးဖိုချောင်ကို စီမံခန့်ခွဲသူမှာ မိခင် သို့မဟုတ် အမျိုးသမီးများ ဖြစ်ကြသည်။ ထို့ကြောင့် မိခင်များအနေဖြင့် ငွေကုန်ကြေးကျ အများကြီးမလိုဘဲ မိမိတို့ပတ်ဝန်းကျင်တွင် အလွယ်တကူရရှိနိုင်သော ပြည်တွင်းဖြစ်အစားအစာများ (ဥပမာ - မုန်လာဥနီ၊ ကန်စွန်းရွက်၊ ကြက်ဥ၊ ပဲအမျိုးမျိုး)ကိုအသုံးပြု၍ အာဟာရတန်ဖိုး အမြင့်မားဆုံးဖြစ်အောင် ချက်ပြုတ်ကျွေးမွေးနည်းများကို သိရှိထားရန် လိုအပ်သည်။ ရပ်ရွာအခြေပြု ကျန်းမာရေးဟောပြောပွဲများနှင့် လက်တွေ့ အစာကျွေးမွေးနည်းသရုပ်ပြပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးရန်လိုအပ်သည်။

**၂။ ကလေးကြီးထွားမှုဇယား (Growth Chart) စောင့်ကြည့်ခြင်း**

ကျန်းမာရေးဌာနများသို့ ပုံမှန်ပြသ၍ ကလေး၏ ကိုယ်အလေးချိန်နှင့် အရပ်ကိုတိုင်းတာကာ ကြီးထွားမှုဇယားတွင် မှတ်တမ်းတင်ခြင်းသည် ကလေးအာဟာရချို့တဲ့မှု ရှိ၊ မရှိကို စောစီးစွာသိရှိနိုင်မည့် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ အကယ်၍ ကလေး၏ကိုယ်အလေးချိန်တက်မလာဘဲ ကိုယ်အလေးချိန်ကျဆင်းသွားပါက သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများနှင့်တိုင်ပင်၍ **စာမျက်နှာ ၁၅ သို့** ❋



## အင်္ဂပူမြို့နယ်၌ မိုးစပါးစိုက်အသင်းသားများအား သွင်းအားစုများ ပေးအပ်

အင်္ဂပူ ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ရွှေတောင်စု(စံပြ)ကျေးရွာတွင် ယမန်နေ့က ရွှေလဝန်း စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း မိုးစပါးစိုက်အသင်းသားများအား သွင်းအားစုများ ပေးအပ်သည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင်က သွင်းအားစုများပေးအပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သမအသင်းသားတောင်သူများထံ သွင်းအားစုများပေးအပ်သည်။

ထို့နောက် အင်္ဂပူမြို့နယ်သမဝါယမဦးစီးဌာနက တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေမှ အရင်းမပျောက်မတည်ရန်ပုံငွေဖြင့် နဝမအကြိမ် ရွှေလဝန်း စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း မိုးစပါးစိုက်ပျိုးသော အသင်းသားတောင်သူ ၂၂ ဦး၏ စိုက်ဧက ၄၄ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂၁၀၀၀၀ နှင့် ညီမျှသည့် ပုလဲခတ်မြေဩဇာ ၄၄ အိတ်၊ ကွန်ပေါင်း ၁၅ ပတ်လည် ၂၂ အိတ် စုစုပေါင်း သွင်းအားစုတန်ဖိုးငွေကျပ် ၉၂၄၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## ဗိုလ်တထောင်မြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှု အသိပညာပေး

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၅)ရပ်ကွက် (၅၂)လမ်းဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးအတွက် ပြည်သူများနှင့် တွေ့ဆုံဟောပြောပွဲ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးတင်ကိုကိုက ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေမှုများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ခင်ခင်ဌေးက ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေးပြောကြားကာ တက်ရောက်လာသည့် ဌာနများမှ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။



ယင်းနောက် တက်ရောက်လာသူများအား ဝမ်းပျက်ဝမ်းလျှော အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပြီး ပူးပေါင်းအဖွဲ့သည် ရပ်ကွက်အတွင်းရှိ ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်နှင့် ရေသန့်ဆေးပြားများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**

## ပြည်ခရိုင် အိမ်ခြံမြေဝန်ဆောင်မှုအသင်း အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်

ပြည် ဩဂုတ် ၁၆

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ ပဲခူးတိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ပြည်ခရိုင်) ၂၀၂၆ - ၂၀၂၉ သက်တမ်းကာလ အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်မြို့ Prome Garden Hotel ၌ ကျင်းပသည်။



ဦးစွာ ပြည်ခရိုင် အိမ်ခြံမြေ အကျိုးဆောင်များနှင့် အဖိုးတန်သတ္တု ရောင်းဝယ်ရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ ပြည်မြို့နယ် အခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်နေဟိန်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ(၃) ဦးကျော်တင့်နှင့် ပဲခူးတိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ပြည်ခရိုင်)ဥက္ကဋ္ဌ ဦးထင်ကျော်ဦးတို့က အခွန်ကိစ္စရပ်များ၊ ပြည်ခရိုင်၏ လက်ရှိအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝဏ္ဏထွန်း(ပြန်/ဆက်)**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များ ဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

✻ စာမျက်နှာ ၁၄ မှ

အာဟာရပြန်လည်ဖြည့်တင်းမှုကို အချိန်မီ လုပ်ဆောင်နိုင်သည်။

**၃။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဝါးရှ (WASH) အစီအစဉ်**

အာဟာရဓာတ်များ ပြည့်ဝစွာစားသုံးနေသော်လည်း တစ်ကိုယ်ရေသန့်ရှင်းရေး အားနည်းပါက ရောဂါပိုးမွှားများဝင်ရောက်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သန်ကောင်ရောဂါများ ခံစားရကာ အာဟာရများ ဆုံးရှုံးသွားနိုင်သည်။ ထို့ကြောင့် အစာမစားမီနှင့် အိမ်သာတက်ပြီးချိန်တိုင်းတွင် လက်ကို ဆပ်ပြာဖြင့် စနစ်တကျဆေးကြောသည့် အလေ့အထကို ကလေးငယ်များအား ငယ်စဉ်ကတည်းက လေ့ကျင့်ပေးရမည်။

သန့်ရှင်းသော သောက်သုံးရေကိုသုံးစွဲရန်နှင့် ယင်လုံအိမ်သာ စနစ်တကျအသုံးပြုရန် ကျောင်းများနှင့် နေအိမ်များတွင် စီမံဆောင်ရွက်ပေးရမည်။

အချုပ်အားဖြင့်ဆိုရသော် “အသက် (၅) နှစ်အောက် ကလေးငယ်များနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်” သည် ကာလတို လှုပ်ရှားမှုတစ်ခုမျှသာ မဟုတ်ဘဲ တစ်မျိုးသားလုံး၏ ကျန်းမာရေးနှင့် အနာဂတ် နိုင်ငံတော်တည်ဆောက်ရေးအတွက် မဟာဗျူဟာမြောက် အရေးပါသောကဏ္ဍတစ်ခုဖြစ်သည်။ ကလေးငယ်များနှင့် ကျောင်းသားလူငယ်များ အာဟာရပြည့်ဝ ကျန်းမာနေမှသာလျှင် ပညာရေးတွင် ထူးချွန်ထက်မြက်ပြီး အနာဂတ် နိုင်ငံတော်က အားကိုးအားထားပြုရမည့် “ဉာဏအင်အား၊ ကာယအင်အား” ပြည့်စုံသော သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွက်လာမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများနှင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များကို အစာအုပ်စု (၃) စု မျှတစွာ ကျွေးမွေးခြင်း၊ ကျောင်းမုန့်ဈေးတန်းများကို ကျန်းမာရေးနှင့်ညီညွတ်အောင် ဝိုင်းဝန်းထိန်းသိမ်းခြင်း၊ သန့်ရှင်းသော နေထိုင်မှုပုံစံကို လေ့ကျင့်ပေးခြင်း စသည်တို့ဖြင့် ဤအာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုတွင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## လူငယ်နှင့်ဘဝ အောင်မြင်ရေး

# ထိပ်တန်းသို့ ရောက်လိုသူ၏စိတ်ထား

## မျှော်လင့်တောင့်တနေရုံနှင့်မပြီး

**ပီမိုးနှင်း**

**ကြီးပွားသူနှင့် မကြီးပွားသူ၏ ကွာခြားချက်**

လူမှန်သမျှ၏ စိတ်၌ မျှော်လင့်ခြင်းသည် သေသည့်တိုင်အောင် ရှိမြဲဖြစ်လေသည်။ မည်သူမျှ မိမိကိုယ်ကို အမြဲဆင်းရဲအောက်ကျ၍ နေလိမ့်မည်ဟု မယုံကြည်။ တစ်နေ့သ၌ အချက်ပေါ်မှာပဲ၊ အကြံအစည်တစ်ခုခု အထမြောက်မှာပဲဟု ယုံကြည်လေ့ရှိကြလေသည်။

သို့ ယုံကြည်မျှော်လင့်ကြသည့်အတိုင်း ဖြစ်မြောက်ကြပါမည်လားဟုမေးလျှင် ဖြစ်မှာပဲဟူ၍ပင် ဖြေကြပေလိမ့်မည်။ သို့သော်လည်း ဖြစ်အောင် ထိထိရောက်ရောက် ဘာကိုလုပ်ပါသလဲဟူ၍ မေးလျှင်ကား အများအားဖြင့် ရိုးမှန်စွာဖြေဖို့ရန် ခက်ပေလိမ့်မည်။

အဘယ်သောအခါ ဖြစ်မြောက်အောင်မြင်ရန် အခြေအနေ သိသိသာသာ အဘယ်သောအခါ ပြောင်းလဲပါမည်နည်းဟု မေးလျှင်လည်း ရိုးမှန်စွာ ဖြေနိုင်မည်မဟုတ်ပေ။ ထိုကဲ့သို့ ထိထိရောက်ရောက် မှန်ကန်စွာ မဖြေနိုင်ကြသော်လည်း မိမိတို့ကိုယ်ကို တစ်ခုခု ဖြစ်မြောက်အောင်မြင်မှာပဲဟူသော ယုံကြည်ခြင်းကား တကယ်လိုဖြစ်၍ နေလေသည်။ ထိုလူမျိုးတို့အတွက် ထိုမျှော်လင့်ချက်မရှိက သာ၍ ကောင်းပေလိမ့်မည်။

အကြောင်းမူကား ထိုမျှော်လင့်ချက်မရှိက ပူပင်ကြောင့်ကြသောစိတ်ကြောင့် ထကြွလှုံ့လနှင့် တစ်ခုခုကို လုပ်ရပေမည်။ ထိုမျှော်လင့်ချက်ကား ပူပင်ကြောင့်ကြခြင်း ကင်းမဲ့ရုံမျှ မိမိတို့ကိုယ်ကို လှည့်စားသကဲ့သို့ ဖြစ်လေသည်။ သို့လှည့်စားသော စိတ်ကြောင့် မပူလည်းမပူ၊ ဘာကိုမျှလည်း ထိထိရောက်ရောက်မလုပ်။ အေး၍နေကြလေရာ ထိုလူမျိုးမှာ ဘယ်နည်းဖြင့် တစ်စုံတစ်ရာ သိသိသာသာ ပြောင်းလဲခြင်းဖြစ်ပါမည်နည်း။ ပြောင်းလဲခြင်းမဖြစ်က အဘယ်နည်းဖြင့် ကြီးပွားနိုင်ပါမည်နည်း။

သို့ဖြစ်လေရာ ငါသည်လိုချင်း အမြဲနေမှာမဟုတ်ဘူးဟု ယုံကြည်မျှော်လင့်နေသူတို့မှာ အောက်ပါအချက်များကို ဂရုပြုကြရမည်။

ထိုအချက်များကား ငါသည် တစ်နေ့သ၌ ဟန်လိမ့်မည်ဟု မျှော်လင့်၍နေ၏။ မျှော်လင့်ချက်အတိုင်း ဖြစ်မြောက်အောင် ငါ ဘာကို ထိထိရောက်ရောက် လုပ်ပါသလဲ။ ငါသည် မျှော်လင့်ရုံ မျှော်လင့်၍နေသူအား မျှော်လင့်သည့်အတိုင်း မဖြစ်မှာကို တွေးခေါ်စိုးရိမ်ပါလား။ မျှော်လင့်ယုံကြည်လောက်သောအခြေအနေ လုံလောက်ပါ၏လား။ မျှော်လင့်သည့်အတိုင်း ဖြစ်မြောက်အောင် တစ်စုံတစ်ရာကိုလုပ်လျှင် ထိုလုပ်သောအရာသည် အမှန်အကျိုးရှိပါမည်လား။ လုပ်သောအရာတစ်မျိုးတည်း ရှိသလား။ အမျိုးများသလား။ ငါလုပ်သောအရာများ၌ ငါသည် တကယ်စွဲမြဲ၍ အစကအဆုံးတိုင် ပေါက်ရောက်အောင် ကြိုးစားပါ၏လား။ တစ်ပိုင်းဖြစ် အလုပ်တွေ အဘယ်လောက်များသလဲ။ သူတစ်ပါးကို အားကိုး၍နေသလား။ အမွေကို မျှော်လင့်၍နေသလား။ ရမည့်ကြွေးမြီကို စောင့်၍နေသလားဟူသော အချက်များဖြစ်ကြလေသည်။

အထူးသဖြင့် သတိထားရမည့်အချက်ကား တစ်ပိုင်းဖြစ်အလုပ်တွေများလေလေ မဖြစ်နိုင်လေလေ မှတ်ရမည်။ ကြီးပွားမည့်သူနှင့် မကြီးပွားမည့်လူမှာ ခြားနားခြင်းတစ်ခု ရှိလေသည်။

ထိုခြားနားခြင်းကား ကြီးပွားဖြစ်ထွန်းမည့်လူမှာ တစ်ခုခုကို လုပ်လိုသည့်အခါဖြစ်စေ၊ အတတ်တစ်ခုခုကို သင်လိုသည့်အခါဖြစ်စေ အကျိုးဖြစ်မည် မဖြစ်မည်ကို စဉ်းစား၏၊ စုံစမ်း၏၊ တိုင်ပင်သင့်သူကို တိုင်ပင်၏။ စိတ်ကိုနိုင်၍ လုပ်သောအခါ အစမှအဆုံးတိုင်အောင် လုပ်လေ့ရှိလေသည်။ စ၍လုပ်ပြီးမှ နေရာကျမည့်အလုပ် မဟုတ်ပါဘူးဟူသော ဆင်ခြေတစ်ခုခုဝင်ရောက်သဖြင့် တစ်ပိုင်းဖြစ်ရပ်၍ထားလေ့ရှိသူသည် အဘယ်သောအခါမျှ ကြီးပွားအောင်မြင်မည့်သူမဟုတ်ပေ။

> **ကြီးပွားဖြစ်ထွန်းမည့်လူမှာ တစ်ခုခုကို လုပ်လိုသည့်အခါ ဖြစ်စေ၊ အတတ်တစ်ခုခုကို သင်လိုသည့်အခါဖြစ်စေ အကျိုးဖြစ်မည် မဖြစ်မည်ကို စဉ်းစား၏၊ စုံစမ်း၏၊ တိုင်ပင်သင့်သူကို တိုင်ပင်၏။ စိတ်ကိုနိုင်၍ လုပ်သောအခါ အစမှအဆုံးတိုင်အောင် လုပ်လေ့ရှိလေသည်။ စ၍လုပ်ပြီးမှ နေရာကျမည့်အလုပ် မဟုတ်ပါဘူးဟူသော ဆင်ခြေတစ်ခုခု ဝင်ရောက်သဖြင့် တစ်ပိုင်းဖြစ်ရပ်၍ထားလေ့ရှိသူသည် အဘယ်သောအခါမျှ ကြီးပွား အောင်မြင်မည့်သူမဟုတ်ပေ**

သို့ဖြစ်လေရာ ငါ ကြီးပွားမည့်သူလား၊ မကြီးပွားမည့်သူလားဟု သိလိုက ငါသည် တစ်ပိုင်းဖြစ်လုပ်တတ်သူလား၊ စိတ်လျှော့တတ်သလားဟု မေးရမည်။

ကြီးပွားမည့်သူသည် အကျိုးမများသော အလုပ်တစ်ခုခုကို စ၍လုပ်မိရာ လမ်းခုလတ်ကျမှ အကျိုးမရှိမှန်းသိက လျှော့၍မပစ်။ မိမိကိုယ်ကို ဒဏ်ပေးသောအနေနှင့် ထိုအလုပ်ကို အဆုံးတိုင် လုပ်၏။ ထိုအတွင်း အခြားအကျိုးရှိမည့် အလုပ်တစ်ခုခုကို စ၍လုပ်လေ့ရှိသည်။ နောက်ဆုံး၌ အကျိုးရှိမည်မထင်ရသော အလုပ်သည်လည်း အဆုံးသို့ရောက်သည့်အခါ အသက်မွေးလမ်း၌ ကြီးသောအကူအညီတစ်ခု ဖြစ်နိုင်လေသည်။ သို့ဖြစ်လေရာ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ စမိလျှင် မစွန့်ရ။ ထိုလူမျိုးမှာ ခွေးဘီလူးစိတ်မျိုး ဖြစ်ရာ မကြီးပွားလျှင် မနေနိုင်သောစိတ်မျိုးပေတည်း။

ဘားမားဂျာနယ်၊ နံပါတ် ၁၉၊

သီတင်းကျွတ်လဆုတ် ၁၁ ရက်၊ ၁၂၉၈

---



## ကဝမြို့နယ်၌ ဆန်၊ ဆီ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိ

ကဝ ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် ဆန်၊ ဆီ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာဈေးကြီး၌ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးရာတွင် မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီက ကြီးကြပ်၍ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက်ဆက်သွယ်ကာ ရောင်းချပေးလျက်ရှိပြီး ဆန်(ဆင်းသုခ)၊ ဆီ၊ အသားတိုး ကြက်သား၊ ဒေသကြက်၊ ဝက်သား၊ အမဲသား၊ ကြက်ဥတို့ကို စားသုံးသူပြည်သူများထံသို့ ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ကြပါစို့**

---

## လားရှိုးမြို့၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ



လားရှိုး ဩဂုတ် ၁၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၁၅ ရက်က အထက(၂)၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တာဝန်ခံ ဒေါ်ခတ္တာထွန်းနှင့် တာဝန်ရှိသူများက အာဟာရအုပ်စု (၃)စု ပြိုင်ပွဲ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ တာဝန်ခံက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဟန်နိုင်စိုးနှင့် ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ဝင်းတို့က ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ တာဝန်ခံ၊ ကျန်းမာရေးဌာနနှင့် ပညာရေးဌာနတို့မှ တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျန်းမာရေး အဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ဆုရရှိသော ကျောင်းများအားလည်းကောင်း၊ အထိမ်းအမှတ်စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ ပိုစတာ၊ ကာတွန်း၊ အာဟာရအုပ်စု (၃) စု ပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ထူးချွန်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း အာဟာရ ကျွေးမွေးနေမှုအခြေအနေများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## တောင်ဥက္ကလာပမြို့နယ်အတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်



ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၇၊ ၁၀)ရပ်ကွက်များအတွင်း ဆက်လက်ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်လွင်ဦး ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူများသုံးစွဲလျက်ရှိသော ရေစည်၊ ရေအိုး၊ ရေကန်များကို စစ်ဆေးခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အာရုံခြောက်ပါးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေ

ကိုယဉ်ချစ် (မန္တလေး)

လူတိုင်း နေ့စဉ်ပြောဆို၊ လုပ်ကိုင်နေကြတဲ့ အလုပ်တိုင်းမှာ ကောင်းကျိုးနဲ့ ဆိုးကျိုးဆိုတဲ့ ရလဒ်နှစ်ခုထဲက တစ်ခုကိုသာ ခံစားကြရပါတယ်။ ပြုလုပ်နေကြတဲ့ အတွေးအမြင်တွေ၊ အပြောတွေ၊ အလုပ်တွေမှန်သမျှကို ဦးနှောက်ဆိုတဲ့အင်္ဂါကို အသုံးချလုပ်ကိုင်နေကြပါတယ်။

**ဦးနှောက်ဟာ အရေးပါဆုံးအင်္ဂါရပ်တစ်ခု**

လူတိုင်းက စိတ်ရဲ့မွေ့လျော်ရာဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့နဲ့ အတွေးဆိုတဲ့ အာရုံခြောက်ပါးကို ဦးနှောက်ကတစ်ဆင့် ခံစားကြပါတယ်။ အဆင်းအာရုံကို မျက်စိကကြည့်တယ်။ အသံအာရုံကို နားကကြားတယ်။ အနံ့အာရုံကို နှာခေါင်းက ရှူရှိုက်တယ်။ အရသာအာရုံကို လျှာကခံစားတယ်။ အတွေ့အာရုံကို ခန္ဓာကိုယ်က ခံစားတယ်။ အတွေးအာရုံကိုတော့ ဦးနှောက်က စဉ်းစားတွေးခေါ်ပါတယ်။ တစ်နည်းအားဖြင့် အာရုံခြောက်ပါးထဲက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ အင်္ဂါတွေရဲ့ အာရုံခံစားမှုမှန်သမျှဟာ ဦးနှောက်နဲ့ ခံစားရတာဖြစ်တာကြောင့် ဦးနှောက်ဟာ အရေးပါဆုံးအင်္ဂါရပ်တစ်ခုဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ဦးနှောက်က အခြေခံကျတဲ့ မနောကံဆိုတဲ့ တွေးခေါ်စဉ်းစားမှုတွေကို အရင်ဆုံးပြုပါတယ်။ စိတ်ရဲ့ ခံစားမှုကတစ်ဆင့် ဝစီကံဆိုတဲ့ အပြော၊ ကာယကံဆိုတဲ့အလုပ်တွေကို လုပ်ကိုင်နေကြတာ သဘာဝပါပဲ။ ဒါကြောင့် မှန်ကန်တဲ့အသိတွေ၊ အပြောတွေ၊ အလုပ်တွေဖြစ်လာအောင် ဦးနှောက်ကို အကျိုးရှိအောင် မှန်ကန်ထိရောက်အောင် အသုံးချတတ်ဖို့လိုပါတယ်။

**ဦးနှောက်**ဆိုတာ ဦးခေါင်းခွံအတွင်းရှိ အာရုံကြောများစုဝေးရာ အစိတ်အပိုင်းလို့ဆိုပါတယ်။ ဦးခေါင်းကို **"ခေါင်း"**လို့လည်း ပြောဆိုသုံးနှုန်းကြပါတယ်။ ခေါင်းဆိုတာ သတ္တဝါတို့တွင် မျက်စိ၊ နား၊ နှာခေါင်း၊ ဦးနှောက် စသည်တို့တည်ရှိရာ ကိုယ်အစိတ်အပိုင်းလို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

အာရုံခြောက်ပါးထဲက မျက်စိ၊ နား၊ နှာ၊ လျှာဆိုတဲ့ အင်္ဂါလေးပါးဟာ ဦးနှောက်နဲ့အနီးဆုံးမှာ ရှိနေတာကိုလည်း သတိပြုမိပါတယ်။ ဒီအင်္ဂါတွေက ဘာကြောင့် ဦးနှောက်နဲ့ အနီးဆုံးမှာ ရှိနေတာလဲဆိုတာက စဉ်းစားစရာပါပဲ။ အင်္ဂါလေးပါးက အရေးပါပြီး အသိဉာဏ်ပညာတွေနဲ့ အသုံးချရတာကြောင့် ဦးနှောက်နဲ့ အနီးဆုံးရှိနေတာလားလို့ တွေးစရာဖြစ်လာပါတယ်။

လူတိုင်းက အာရုံခြောက်ပါးကို နေ့စဉ်အသုံးချနေပေမယ့် တစ်ပါးချင်းစီမှာ လေးနက်ကျယ်ပြန့်တဲ့ စွမ်းအင်တွေရှိနေတယ်ဆိုတာ သတိမမူမိကြပါ။ တချို့ကတော့ အသိဉာဏ်နဲ့ဆင်ခြင်ပြီး ထိရောက်အောင်အသုံးချနိုင်ကြလို့ တိုးတက်အောင်မြင်မှုတွေကို ခံစားကြရပါတယ်။ သတိမမူတဲ့သူတွေကတော့ သာမန်ဘဝတွေနဲ့ သာမန်အောက်ဘဝတွေမှာ ရှင်သန်နေကြရပါတယ်။ ဒါကြောင့် အာရုံတစ်ပါးချင်းစီရဲ့စွမ်းအားတွေကို အသိဉာဏ်နဲ့ ဆင်ခြင်ပြီး ထိထိရောက်ရောက် အသုံးချသွားနိုင်ကြဖို့ လိုအပ်ပါတယ်။

**"မျက်စိ"**ကို မြင်သိစိတ်အတွက် အသုံးပြုနေပေမယ့် မျက်စိက အမြင်ချို့ယွင်းပျက်စီးသွားရင် ဆုံးရှုံးမှုတွေဖြစ်တတ်တာကြောင့် **မျက်စိအဆုံး၊ နားအရှုံး**လို့ ဆိုကြပါတယ်။ ချို့ယွင်းပျက်စီးမှုမရှိပေမယ့် အသုံးချတာမမှန်ရင်လည်း အကောင်းမမြင်နိုင်ဘဲ အဆိုးတွေသာ မြင်တတ်ကြပါတယ်။ အဆိုးမြင်သူတွေဟာ ဘယ်သူတွေက ဘာအလုပ်တွေကို ဘယ်လောက်ကောင်းအောင်လုပ်လုပ် အကောင်းမမြင်ဘဲ အဆိုးဘက်ကသာ ကြည့်မြင်တတ်ကြပါတယ်။ အဆိုးမြင်သူတွေဟာ လွယ်အိတ်တစ်လုံးလို လွယ်ထားသူရဲ့ဘေးက အမြဲကန့်လန့်လိုက်ပါနေတတ်တာကြောင့် မိတ်ကောင်း၊ ဆွေကောင်းတွေ နည်းပါးပြီး လူ့စည်းဘောင်ရဲ့အပြင်ကို တဖြည်းဖြည်း ရောက်မှန်းမသိ ရောက်သွားကြပါတယ်။

> **စိတ်မှာ သူတစ်ပါးစည်းစိမ်ကို ငါ့စည်းစိမ်ဖြစ်ပါစေတော့လို့ ကြံစည်တဲ့ အဘိဇ္ဈာ၊ သူတစ်ပါးပျက်စီးစေလိုသောဒေါသရှိတဲ့ ဗျာပါဒ၊ မှားသောအယူကို ယူလွဲနေတဲ့ မိစ္ဆာဒိဋ္ဌိဆိုတဲ့ မနောကံသုံးပါးက ကပ်ငြိနေတတ်ပါတယ်။ ဒါကြောင့် စိတ်ကိုထိန်းချုပ်ပြီး ကျန်တဲ့အာရုံငါးပါးကို အကောင်းဆုံးဖြစ်စေဖို့ သီလ၊ သမာဓိ၊ ပညာတွေနဲ့ ထိန်းသိမ်းကြရပါမယ်။ သီလဆိုတာ စောင့်ထိန်းအပ်သောကျင့်ဝတ်၊ သမာဓိဆိုတာ စိတ်တည်ကြည်ခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်း၊ ပညာဆိုတာ ခွဲခြားသိမြင်နိုင်တဲ့ အသိဉာဏ်ဖြစ်ပါတယ်။ သီလ၊ သမာဓိ၊ ပညာတွေကို စောင့်ထိန်းနိုင်သူတွေများများရှိနေမှ သာယာဝပြောတဲ့ လူနေမှုဘဝကို တည်ဆောက်နိုင်မှာဖြစ်**

အမြင်မကြည်ရင် မြင်ကွင်းက မှုန်ဝါးနေပါမယ်။ လောကကြီးကို သဘာဝကျကျမကြည့်ဘဲ တစ်ဖက်သတ်အမြင်နဲ့ချည်းကြည့်မိရင် အထင်အမြင်တွေမှားယွင်းတတ်ပါတယ်။ အထင်မှား၊ အမြင်မှားမှုတွေကြောင့် ဆုံးဖြတ်ချက်တွေပါ မှားနိုင်ပါတယ်။ တချို့က ကိုယ်သိကိုယ်တတ်၊ ကိုယ်ပြောတာအဟုတ်ကိုယ်လုပ်တာအမှန်။ ဘယ်သူဟုတ်ဟုတ် မဟုတ်ဟုတ် ကိုယ်ဟုတ်ရင်ပြီးတာပဲဆိုတဲ့ စိတ်ကိုမွေးပြီး ပြောဆိုလုပ်ကိုင်ကြတာကြောင့် မှားယွင်းတဲ့ရလဒ်တွေကို အနည်းနဲ့အများ ခံစားကြရပါတယ်။ တချို့က အမြင်ကျယ်ကျယ်နဲ့ မျက်စိတစ်ဆုံးကြည့်တတ်ပေမယ့် တချို့က အမြင်ကျဉ်းကျဉ်းနဲ့ မျက်တောင်တစ်ဆုံးသာ ကြည့်တတ်ကြပါတယ်။ အမြင်ကျယ်သူနဲ့ အမြင်ကျဉ်းသူတွေမှာ အရည်အချင်းနဲ့ စေတနာတွေ ကွာခြားနေတတ်ပါတယ်။

လူတစ်ယောက်ကို ဂရုစိုက်ကြည့်ကြည့်ပါ။ သူ့ရဲ့မျက်ဝန်းထဲမှာ အတွင်းစိတ်တွေပေါ်နေတာ မြင်တွေ့နိုင်ပါတယ်။ မျက်စိထဲမှာ ရိုးသားမှု၊ မရိုးသားမှု၊ ကျေနပ်မှု၊ မကျေနပ်မှု၊ ဝမ်းသာမှု၊ ဝမ်းနည်းမှုတွေကို ပေါ်လွင်နေပါတယ်။ ဒါပေမဲ့ ကာယကံရှင်ကိုယ်တိုင်က သတိပြုမိချင်မှ ပြုမိပါမယ်။ ရိုးသားသူရဲ့မျက်စိဟာ အမြဲကြည်လင်နေပြီး စေတနာအရိပ်တွေ မြင်နိုင်ပါတယ်။ မရိုးသားသူရဲ့ မျက်စိထဲမှာ မရိုးသားမှု၊ လိမ်ညာမှု၊ ကောက်ကျစ်မှု၊ လက်စားချေလိုမှု၊ ဟန်ဆောင်မှု၊ လောဘရမ္မက်ကြီးမှု စတဲ့ အရိပ်အငွေ့တွေပေါ်နေတာကို သတိထားကြည့်ရင် သိမြင်နိုင်ပါတယ်။

**"နား"**ဆိုတာ ကြားသိစိတ်အာရုံကို ခံစားပါတယ်။ မျက်စိလိုပဲ နားအကြားချို့ယွင်းသွားရင် ကြားချင်တဲ့အသံကို သဘာဝအတိုင်း မကြားရလို့ လူဖြစ်ရှုံးကြရပါတယ်။ အကြားအာရုံ ချို့ယွင်းနေတဲ့ လူတွေမှာ နားကြပ်အကူအညီနဲ့သာ အကြားအာရုံကို ခံစားကြရသလို နားထိုင်းသွားကြတဲ့ သက်ကြီးရွယ်အိုတွေဆိုရင် တရားနာချင်တာတောင် မနာနိုင်တော့ဘဲ အကြားအာရုံဆုံးရှုံးမှုတွေ ခံစားကြရပါတယ်။

နားက နေ့စဉ်ကြားနေရတဲ့ စကားတွေထဲမှာ အမှန်တွေ၊ အမှားတွေ ရှိနေတတ်ပါတယ်။ တစ်ခါတစ်ရံ အမှန်ရော အမှားပါ ရောထွေးနေတာတွေလည်းရှိပါတယ်။ လူတိုင်း နားနှစ်ဖက်ပါတာချင်းတူပေမယ့် လက်ခံမှု၊ အသုံးချမှုတွေ မတူညီကြပါ။ တချို့က စကားကို ချင့်ချိန်လက်ခံ ယုံကြည်တတ်ကြပေမယ့် တချို့က တစ်ဖက်နားပေါက် ယုံလွယ်တတ်ကြပါတယ်။ ပညာနည်းသူတွေက ပိုဆိုးပါတယ်။

မျက်မှောက်ကာလ နိုင်ငံကြီးတွေရဲ့ စစ်ပွဲကြီးတွေမှာ ပေါက်ကွဲအားပြင်းထန်တဲ့ လက်နက်ကြီးတွေကို အသုံးချတိုက်ခိုက်နေကြတာတွေရှိသလို နည်းပညာတွေကိုအသုံးချပြီး မီဒီယာတွေက တစ်ဆင့် သတင်းမှားတွေ၊ အမှန်နဲ့အမှားရောနေတဲ့ သတင်းတွေ၊ လီဆယ်လုပ်ကြံထားတဲ့သတင်းတွေ၊ ကောလာဟလသတင်းတွေကို လက်နက်တစ်ခုသဖွယ် အသုံးချနေကြပါတယ်။ အသိဉာဏ်နည်းပါးပြီး အလွယ်တကူ ယုံကြည်တတ်သူတွေကတော့ နားထဲကို အဆိပ်ရည်တွေ လောင်းထည့်ခံနေကြရပါတယ်။

ဒါကြောင့် စကားတစ်ခွန်း၊ သတင်းတစ်ပုဒ်၊ အကြောင်းအရာတစ်ခုဟာ အမှန်လား၊ အမှားလားဆိုတာ ကိုယ်ပိုင်အသိဉာဏ်နဲ့ ဆင်ခြင်ပြီးမှ လက်ခံယုံကြည်ကြဖို့လိုပါတယ်။ မဆင်ခြင်နိုင်ဘဲ အလွယ်တကူယုံပြီး သူများနောက်ကလိုက်ပြီး လုပ်ခဲ့ကြလို့ အမှားတွေနဲ့ တွေ့ကြုံခံစားနေကြရတာကို သတိပြုသင့်ကြပါတယ်။

စကားတွေကို အကြားအာရုံနဲ့ နားထောင်နိုင်ပေမယ့် အရာအားလုံးကိုတော့ လက်မခံသင့်ဘဲ နားတစ်ဖက်က နားထောင်၊ လက်ခံသင့်တာကို လက်ခံ။ လက်မခံသင့်တာကို တစ်ဖက်နားက ပြန်ထုတ်နိုင်တဲ့ အရည်အချင်းရှိကြဖို့လိုပါတယ်။ မလိုအပ်တဲ့စကားတွေ၊ အသံတွေကို ကိုယ်ပိုင်အသိဉာဏ်နဲ့ ယုတ္တိရှိ၊ မရှိ ဆင်ခြင်ပြီး နားထဲက ဖယ်ထုတ်ပစ်လိုက်တာ အကောင်းဆုံးပါပဲ။

**"နှာခေါင်း"** က မွှေးတယ်၊ နံတယ်ဆိုတဲ့ အနံ့သိစိတ်ကို လက်ခံပါတယ်။ သန့်ရှင်းတဲ့ လေကောင်းလေသန့်ကို ရှူရှိုက်မိရင် ကျန်းမာရေးကို အထောက်အကူဖြစ်ပြီး ကောင်းကျိုးရနိုင်ပါတယ်။ ညှော်နံ့ဆိုရင်တော့ ညှော်မိမယ်။ အနာရှိရင် အနာရင်းမယ်။ အခန့်မသင့်ရင် အသက်ကိုပါ အန္တရာယ်ပေးနိုင်ပါတယ်။

**"လျှာ"** က စားသောက်မှုနဲ့ စကားပြောဆိုတာတွေ ပြုပါတယ်။ အစာစားရင် အေးတယ်၊ ပူတယ်၊ ချိုတယ်၊ ချဉ်တယ်၊ ငန်တယ်၊ စပ်တယ်ဆိုတဲ့ အရသာတွေကို လျှာက ခံစားပါတယ်။ အစားအစာတွေကို ကျန်းမာရေးနဲ့ညီညွတ်အောင် မျှမျှတတစားသောက်ရင် ပြဿနာမရှိပေမယ့် လျှာကို အလိုလိုက်ပြီး မဆင်မခြင် စားသောက်မိရင် ရောဂါခံစားရမှု၊ ငွေကြေးကုန်ကျမှုဆိုတဲ့ ဆိုးကျိုးတွေကို ခံစားကြရပါမယ်။ အခုကာလမှာဆိုရင် ကျန်းမာရေးကို ထိခိုက်နိုင်တဲ့ အစားအသောက်တွေမျိုးစုံရှိနေတာကြောင့် ပိုပြီးဂရုစိုက် စားသုံးသင့်ကြပါတယ်။

လျှာက စကားအပြောအဆို (နှုတ်မှု) ကိုလည်း ပြုပါတယ်။ စကားပြောတာနဲ့ပတ်သက်ပြီး ရှေးပညာရှိတွေက နှုတ်ကြောင့်သေ လက်ကြောင့်ကြေ၊ ဆိုခဲစေ မြဲစေ၊ နှုတ်ချို သျှိုတစ်ပါး၊ စကားစကား ပြောပါများ စကားထဲက ဇာတိပြ၊ နှုတ်ကောင်းတော့ ပြည်စိုးဆိုတဲ့ စကားပုံတွေနဲ့ စကားပြောဆင်ခြင်ဖို့ သတိပေးဆုံးမခဲ့ကြပါတယ်။

စကားပြောဆိုရာမှာ ကောင်းစွာပြောဆိုရမယ်။ တရားနဲ့အညီ ပြောရမယ်။ ချစ်ခင်ဖွယ်ကောင်းအောင် ပြောဆိုရမယ်။ မှန်ကန်စွာပြောဆိုရမယ်လို့ သဂါထာဝဂ သံယုတ်ပါဠိတော်မှာ မှတ်သားရပါတယ်။ လိမ်လည်စကား၊ အတင်းအဖျင်းစကား၊ ရိုင်းစိုင်းကြမ်းတမ်းတဲ့စကား၊ အကျိုးမရှိသိမ်ဖျင်းတဲ့စကား၊ သံသယဖြစ်စေတဲ့စကား၊ ဥပဒေမဲ့စကားတွေကို ရှောင်ကြဉ်ပြောဆိုကြရပါမယ်။ နှုတ်မှုကြောင့် ချစ်ခြင်း၊ မုန်းခြင်း၊ စိတ်ဝမ်းကွဲခြင်း၊ အထင်လွဲခြင်း၊ မိတ်ဆွေဖြစ်ခြင်း၊ ရန်သူဖြစ်ခြင်းတွေ ဖြစ်တတ်ပါတယ်။

လူမှုဆက်ဆံရေးနယ်ပယ်မှာ တစ်ဦးချင်း ပြောဆိုမှုကအစ အဆင့်တိုင်းမှာ စကားကိုပေါ့ပေါ့တန်တန်မပြောသင့်ပါ။ စကားလုံးတစ်လုံး၊ စကားတစ်ခွန်းဟာ အကောင်းအဆိုးတွေကို အများကြီးဖန်တီးပေးနိုင်တာကြောင့် ထိရောက်လေးနက်ပြီး ကောင်းကျိုးဖြစ်စေမယ့် စကားတွေကိုသာ ရွေးချယ်ပြောဆိုတတ်ဖို့လိုပါတယ်။

**စိတ်အလိုမလိုက်ဘဲ စဉ်းစားဆင်ခြင်**

**"ကိုယ်"** ဆိုတဲ့ ခန္ဓာကိုယ်ဟာ အတွေ့အထိအာရုံကို နှစ်သက်ပါတယ်။ ပုထုဇဉ်လူသားတွေမို့ အထိအတွေ့ အာရုံခံစားကြလိုပေမယ့် တန်ဆေးလွန်ဘေးဆိုစကားလို အထိအတွေ့ အာရုံခံစားမှုတွေ လွန်ကဲရင်တော့ ကောင်းကျိုးထက်ဆိုးကျိုးကိုသာ ခံစားရပါမယ်။ မလိုက်စားသင့်တဲ့ အထိအတွေ့အာရုံတွေကို ဘယ်လိုအကာအကွယ်တွေယူပြီး ခံစားသည်ဖြစ်စေ ပတ်ဝန်းကျင်ဆိုတာရှိနေတော့ ကိုယ်ကျင့်သိက္ခာကို ထိခိုက်နိုင်တယ်ဆိုတာ သတိမူကြရပါမယ်။ ဒါကြောင့် အတွေ့အထိအာရုံခံစားမှုတွေကို စိတ်အလိုမလိုက်ဘဲ စဉ်းစားဆင်ခြင်ပြီး သင့်တင့်ရုံသာ ခံစားသင့်ပါတယ်။

နောက်အာရုံတစ်မျိုးကတော့ "စိတ်" ဖြစ်ပါတယ်။ စိတ်ဆိုတာ မှန်းဆရခက်တယ်။ အလွန်မြန်တယ်။ ရုပ်ခန္ဓာကြီးကိုမြင်တွေ့နိုင်ပေမယ့် စိတ်ဟာ မမြင်ရဘဲ အာရုံကိုသိနိုင်တဲ့ သဘောသာဖြစ်ပါတယ်။ စိတ်ဆိုတာ ခန္ဓာကိုယ်နဲ့ ထိမိရာအရပ်တိုင်းမှာ ဖြစ်ပေါ်နေပါတယ်။ စိတ်ကို ခွဲခြားကြည့်ရင် စိတ်ကောင်းနဲ့ စိတ်ဆိုး (စိတ်ယုတ်မာ) လို့ နှစ်မျိုးရှိတာကြောင့် စိတ်ကောင်းမွေးပြီး စိတ်ဆိုးစိတ်ယုတ်မာတွေ ကင်းစင်အောင် ဆင်ခြင်နေထိုင်ရပါမယ်။ သူတစ်ပါးက ကိုယ့်ကို မကောင်းစိတ်နဲ့ ဆက်ဆံတာမကြုံက်ရင် ကိုယ်ကလည်း သူတစ်ပါးအပေါ် မကောင်းတဲ့စိတ်မမွေးဘဲ စိတ်ကောင်းတွေ၊ ကိုယ်ချင်းစာစိတ်တွေနဲ့ ဆက်ဆံကြရပါမယ်။

စိတ်မှာ သူတစ်ပါးစည်းစိမ်ကို ငါ့စည်းစိမ်ဖြစ်ပါစေတော့လို့ ကြံစည်တဲ့ အဘိဇ္ဈာ၊ သူတစ်ပါးပျက်စီးစေလိုသောဒေါသရှိတဲ့ ဗျာပါဒ၊ မှားသောအယူကို ယူလွဲနေတဲ့ မိစ္ဆာဒိဋ္ဌိ ဆိုတဲ့ မနောကံ သုံးပါးက ကပ်ငြိနေတတ်ပါတယ်။ ဒါကြောင့် စိတ်ကိုထိန်းချုပ်ပြီး ကျန်တဲ့အာရုံငါးပါးကို အကောင်းဆုံးဖြစ်စေဖို့ သီလ၊ သမာဓိ၊ ပညာတွေနဲ့ ထိန်းသိမ်းကြရပါမယ်။ သီလဆိုတာ စောင့်ထိန်းအပ်သောကျင့်ဝတ်၊ သမာဓိဆိုတာ စိတ်တည်ကြည်ခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်း၊ ပညာဆိုတာ ခွဲခြားသိမြင်နိုင်တဲ့ အသိဉာဏ်ဖြစ်ပါတယ်။ သီလ၊ သမာဓိ၊ ပညာတွေကို စောင့်ထိန်းနိုင်သူတွေ များများရှိနေမှ သာယာဝပြောတဲ့ လူနေမှုဘဝကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် လူသားတွေ နေ့စဉ်အသုံးချ ခံစားနေကြတဲ့ အာရုံခြောက်ပါးထဲက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ အာရုံငါးပါးကို စိတ်က ထိန်းကျောင်းနေပါတယ်။ စိတ်က အကောင်းအဆိုးတွေကို စေ့ဆော်ပေးနေတာကြောင့် တစ်ဦးချင်းစီက ကိုယ့်စိတ်ကို သီလ၊ သမာဓိ၊ ပညာတွေနဲ့ ထိန်းသိမ်းစောင့်ရှောက် နေထိုင်ကြဖို့လိုပါတယ်။ အာရုံခြောက်ပါးကို သီလ၊ သမာဓိ၊ ပညာတွေနဲ့ ထိန်းသိမ်းစောင့်ရှောက်နေထိုင်ကြတဲ့သူတွေ များများရှိလာရင် တည်ငြိမ်အေးချမ်းပြီး သာယာဝပြောတဲ့ လူနေမှုဘဝမှာ ချမ်းမြေ့ပျော်ရွှင်စွာနေထိုင်သွားနိုင်ကြမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**ကိုးကား-**


- **မြန်မာအဘိဓာန်၊ မြန်မာစာအဖွဲ့၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန။**
- **ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန။**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်စရာများ




ဆရာတော် ဘဒ္ဒန္တ ကဝိန္ဒသာရ (ဆလိုင်းမောင်လက်ာ-ပေါက်ခေါင်း) ရေးသားသည့် ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်စရာများစာအုပ် ထွက်ရှိလာသည်။ စာအုပ်တွင် အခန်း(၁) ဘုရားရှိခိုး၊ အခန်း(၂) မြတ်စွာဘုရား၏ ဗုဒ္ဓဝင်အကျဉ်း၊ အခန်း(၃) ဘာသာ၊ စာရိတ္တနှင့် ယဉ်ကျေးမှု၊ အခန်း(၄) ကောလာဟလကျော်စောခြင်း (၅)မျိုး၊ အခန်း(၅) ပရိတ်ကြီး(၁၁)သုတ် ပါဠိတော်နိဒါန်း၊ အခန်း(၆) လောကနီတိ ပါဠိ/အနက်၊ အခန်း(၇) သိင်္ဂါလောဝါဒသုတ်လာ ကျင့်ဝတ်လင်္ကာများ၊ အခန်း(၈) ရတုသဘင်နှင့် မွေးနေ့မင်္ဂလာများဟူ၍ ပါရှိသည်။

ယနေ့ကာလ လူငယ်များအကြား လျှပ်တစ်ပြက်မေးမြန်းမှုများတွင် ငါးပါးသီလသော်မှ ရွတ်မပြနိုင်သည်ကို တွေ့နေရသည်။ ထို့အတွက် ယဉ်ကျေးမှုသင်တန်းများ၊ ယဉ်ကျေးလိမ္မာဓမ္မစကူးလ်သင်တန်းများ၊ ဘာသာရေးစကားပြောစွမ်းရည်မြှင့်တင်ပေးခြင်းနှင့် ကလေးတရားပွဲများ ကျင်းပပေးရန် လိုအပ်လာပြီဖြစ်သည်။ ဤစာအုပ်ကို အမြဲဆောင်ထားခြင်းအားဖြင့် ပညာရှိဆရာသမားတစ်ဦးက မိမိအား အနီးကပ် အမြဲသွန်သင်ဆုံးမနေသည်ဟုလည်းကောင်း၊ မိမိတို့၏ သားသမီး မြေးမြစ်များကိုလည်း သင်ပြပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့်လည်းကောင်း စာရေးသူက ပြုစုရေးသားထားသည်။

စာအုပ်ကို ဦးဆလိုင်းရွှေလင်း၊ သုဒန္တစာပေ၊ အမှတ်(၃၁)၊ (၆)လွှာ၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ သတ်မှတ်ထားသည်။

## သံအမတ်ကြီး ဒေါက်တာလှမောင်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ




သံအမတ်ကြီး ဒေါက်တာလှမောင်(ဘောဂ) ရေးသားသည့် သံအမတ်ကြီး ဒေါက်တာလှမောင်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ် ထွက်ရှိလာသည်။ စာအုပ်တွင် စာရေးသူ၏ ဘဝရုပ်ပုံလွှာအကျဉ်း၊ ငယ်ဘဝအကြောင်းတစေ့တစောင်း၊ ပညာသင်ကြားခြင်း၊ စီမံကိန်းဝန်ထမ်းဘဝ (စီးပွားရေးအရာရှိမှ ညွှန်ကြားရေးမှူးချုပ်အထိ တာဝန်ထမ်းဆောင်ခြင်း)၊ အာရှဖွံ့ဖြိုးရေးဘဏ် အမှုဆောင်ဒါရိုက်တာ တာဝန်ထမ်းဆောင်ခြင်း၊ သားကောင်းတမန်ဘဝဖြင့် နိုင်ငံကိုးနိုင်ငံတွင် မြန်မာသံအမတ်ကြီး တာဝန်ထမ်းဆောင်ခြင်း၊ သံအမတ်ကြီးတာဝန်ထမ်းဆောင်ပြီးနောက် ဘဝအတွေ့အကြုံများ၊ စာပေသုတေသနရေးသားပြုစုထုတ်ဝေခြင်း စသည့်အကြောင်းအရာများ ပါဝင်သည်။ ငယ်ဘဝမှစ၍ ယခုအသက်(၉၀)ကျော်အရွယ်အထိ ပန်းပဲသမားဘဝ၊ ကြံစိုက်သမားဘဝ၊ ကြံသကာစက်ရုံအလုပ်သမားဘဝ၊ တောင်ယာသမားဘဝ၊ ကုန်သည်ဘဝအတွေ့အကြုံများနှင့် ပညာရပ်ဆိုင်ရာ၊ ဝန်ထမ်းဘဝဆိုင်ရာ၊ သံခင်းတမန်ခင်းဆိုင်ရာ အသိအမြင်များ၊ နမူနာယူစရာ၊ သင်ခန်းစာယူစရာ၊ အားကျအတုယူစရာ အတွေ့အကြုံများကို ဖော်ပြထားသဖြင့် စာဖတ်သူများအတွက် အကျိုးကျေးဇူးတစ်စုံတစ်ရာရလိမ့်မည်ဖြစ်သည်။

စာအုပ်ကို အင်းဝစာအုပ်တိုက်၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်မြို့နယ် ဖုန်း ၀၁-၅၁၄၃၈၇၊ ၀၉-၈၅၄၅၁၄၃၈၇ နှင့် အမှတ်(၂၄၆)၊ ပန်းဆိုးတန်းလမ်း(အပေါ်)၊ ကျောက်တံတားမြို့နယ် ဖုန်း ၀၁-၈၃၉၈၁၀၆ မှ တန်ဖိုးငွေကျပ် ၄၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## စွယ်စုံဉာဏ်စမ်းသုတ အမှတ်(၁)ထွက်ရှိ




စာရေးဆရာ ဒေါက်တာတင်ထွန်းဦး ရေးသားပြုစုသည့် “စွယ်စုံဉာဏ်စမ်းသုတ အမှတ်(၁)” စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကမ္ဘာနှင့်မြန်မာ ဘာသာရပ်မျိုးစုံမှ အထွေထွေဗဟုသုတအမေးအဖြေနှင့် ရှင်းလင်းချက် အခန်း(၁၀)ခန်းပါဝင်ကာ တစ်ခန်းလျှင် မေးခွန်း ၂၅ ခုပါဝင်ပြီး စုစုပေါင်းမေးခွန်း ၂၅၀ ပါရှိသည်။ လုပ်ငန်းခွင်ဝင်ခွင့်စာမေးပွဲများ၊ ရာထူးတိုးမြှင့်ရေးစာမေးပွဲများနှင့် လူရည်ချွန်ရွေးချယ်ရေးတို့တွင် ရေးဖြေ၊ နှုတ်ဖြေမေးခွန်းများအတွက် အထွေထွေဗဟုသုတများကို ထည့်သွင်းထားသည်။ အဖြေမှန်များနှင့် ယင်းတို့၏ မှန်ကန်သောအကြောင်းရင်း၊ အဖြေမှားကိုလည်း မှားရသည့်အချက်နှင့် သက်ဆိုင်ရာ တိကျမှန်ကန်သော ဗဟုသုတများကို အကျယ်တဝင့်ရှင်းလင်းတင်ပြထားသည်။ အထွေထွေဗဟုသုတကြွယ်ဝလိုသူများ၊ သက်ဆိုင်ရာစာမေးပွဲများအလိုက် အထွေထွေဗဟုသုတလေ့လာကြမည့်သူများနှင့် ခေတ်မီတိုးတက်ပြီး အမြင်ကျယ်လိုသော လူငယ်လူရွယ်များအတွက် ရည်ရွယ်ပြုစုထားသည်။

အဆိုပါစာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ်)၊ စင်ထရယ်တာဝါ(ပထမထပ်)၊ အနော်ရထာလမ်းနှင့် (၃၉)လမ်းထောင့် ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၅၂၉ မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

## ငုံးမွေးမြူနည်းလက်စွဲစာအုပ် ထွက်ရှိ




စာရေးသူ ဒေါက်တာအောင်မြင့် ရေးသားသည့် ငုံးမွေးမြူနည်းလက်စွဲစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် ငုံးမွေးမြူနည်းနှင့်ပတ်သက်၍ အခန်းသုံးခန်းခွဲရေးထားပြီး အခန်း(၁) ငုံးနှင့်ငုံးမွေးမြူရေးတွင် ငုံးမွေးမြူခြင်းသမိုင်းကြောင်း၊ မြန်မာနိုင်ငံနှင့် ငုံးမွေးမြူရေး၊ ငုံးနှင့်ကြက်၏ ခြားနားချက်၊ ငုံးမွေးမြူရန်လိုအပ်ချက်များ၊ ဖောက်စက်အတွင်း၌ ဥများကို ပိုးသတ်နည်း၊ ငုံးငယ်များပြုစုစောင့်ရှောက်နည်း၊ ကျွေးမွေးပြုစုနည်း၊ ငုံးငယ်များ၏ကျန်းမာရေး၊ ငုံးကြီးများအား ပြုစုစောင့်ရှောက်နည်းနှင့် ငုံးအတွက် အာဟာရဓာတ်လိုအပ်ချက်၊ အခန်း(၂) ငုံးနှင့် ကျန်းမာရေးတွင် ငုံးမွေးမြူနည်းစနစ်ကျမှုနှင့် ငုံးရောဂါပြဿနာ၊ ငုံးခြံသန့်ရှင်းရေး၊ အဘယ်ကြောင့်ကာကွယ်ဆေးထိုးနှံရန် လိုအပ်သနည်းနှင့် ငုံးများအတွက် ကာကွယ်ဆေးထိုးအစီအစဉ်၊ အခန်း(၃) ငုံးရောဂါများတွင် ဗိုင်းရပ်စ်ရောဂါများ၊ ပြင်ပကပ်ပိုးများ၊ အာဟာရဓာတ်ချို့တဲ့ခြင်းရောဂါများ၊ မျိုးပွားအင်္ဂါဆိုင်ရာ ချို့ယွင်းမှုများပါဝင်သည်။

ယင်းစာအုပ်ကို ကိုလတ်စာပေ၊ အမှတ် (၂၀၀)၊ (၃၁)လမ်း (အပေါ်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၈၈၅၀၂၀၀၆၈၊ ၀၉-၂၆၅၀၂၀၀၆၈၊ ၀၉-၉၆၅၀၂၀၀၆၈၊ facebook : Ko Latt Book Shop မှ တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိထားသည်။



## မအူပင်တက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မအူပင် ဩဂုတ် ၁၆

မအူပင်တက္ကသိုလ်တွင် ဌာနဆိုင်ရာများ၊ မအူပင်တက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ စုစုပေါင်း အင်အား ၄၅၀ ဖြင့် ယမန်နေ့နံနက်ပိုင်းတွင် ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ သယ်ယူရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မင်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၆



ရန်ကုန်တိုင်းဒေသကြီး အတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများ ကင်းစင်ရေးတို့ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်သီရိမြင့်မိုရ်နှင့် တပ်ဖွဲ့ဝင်များသည် အမှတ်(၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူများအား မှုခင်းအသိပညာပေး ဟောပြောခြင်း၊ သုံးခွမြို့နယ် ညောင်လန်းကုန်းရဲကင်းမှူး ဒုရဲအုပ်အောင်သူဖြိုးနှင့် တပ်ဖွဲ့ဝင်များသည် အမောင်းကျေးရွာ၌ နေအိမ်အတွင်းမှုခင်းအသိပညာပေးခြင်းနှင့် ဗဟန်းမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် ကမ္ဘာအေးလမ်းပေါ်၌ ပြည်သူများ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစေရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယမန်နေ့ညပိုင်းကလည်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးသီဟကျော်နှင့် ပူးပေါင်းအဖွဲ့သည် လှော်ကားလမ်းပေါ်၌ ယာဉ်ပိတ်ဆို့စစ်ဆေးခြင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ကျော်နှင့် တပ်ဖွဲ့ဝင်များသည် လှည့်ကင်း ဆောင်ရွက်ခြင်းနှင့် ဗိုလ်တထောင်မြို့နယ် မြို့မရဲစခန်းမှ ခေတ္တနယ်ထိန်း ဒုရဲအုပ်အောင်ကိုကိုပိုင်နှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် အမှတ်(၉) ရပ်ကွက်အတွင်း ဧည့်စာရင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်း - အောင်သူ**

**ဓာတ်ပုံ - တိုင်းရဲတပ်ဖွဲ့**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် အောင်ပွဲရ ပြည်နယ်လက်ရွေးစင် ဘတ်စကက်ဘောအသင်းအား မြစ်ကြီးနားလေဆိပ်၌ ဂုဏ်ပြုကြိုဆို

**မြစ်ကြီးနား ဩဂုတ် ၁၆**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား ငါးယောက်တွဲပြိုင်ပွဲနှင့် သုံးယောက်တွဲပြိုင်ပွဲတို့တွင် တတိယဆုများ ဆွတ်ခူးရရှိခဲ့ကြသည့် ကချင်ပြည်နယ် လက်ရွေးစင် ဘတ်စကက်ဘော အသင်းသည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိလာရာ လေဆိပ်၌ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။



အဆိုပါ အောင်ပွဲရလက်ရွေးစင် ဘတ်စကက်ဘော အသင်းကို ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ လီဆူရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၊ အားကစားနည်းအလိုက် စခန်းသွင်း လေ့ကျင့်နေသော အားကစားသမားများနှင့် နည်းပြ၊ အုပ်ချုပ်သူများ၊ ယူချိန်ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့်အတူ ဂုဏ်ပြုပန်းကုံး၊ အောင်သပြေခက်တို့ဖြင့် လှိုက်လှဲနွေးထွေးစွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောင်ပွဲရ လက်ရွေးစင် ဘတ်စကက်ဘော အသင်း ကြိုဆိုရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။


**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၆ -၂၀၂၇ ရာသီ MNL ပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ဩဂုတ် ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်းခုနစ်သင်းအထိ အိမ်ကွင်းလက်ခံကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၆**

ယခုလကုန်ပိုင်းတွင် စတင်ကျင်းပမည့် ၂၀၂၆ – ၂၀၂၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ခုနစ်သင်းအထိ အိမ်ကွင်းလက်ခံကျင်းပမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်၏ သတင်းထုတ်ပြန်ချက်အရ ၂၀၂၆ – ၂၀၂၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ကို ဩဂုတ် ၂၈ ရက်မှ ဒီဇင်ဘာ ၂၁ ရက်၊ ဒုတိယအကျော့ကို ဇန်နဝါရီ ၁ ရက်မှ မတ် ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအပါအဝင် ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်၊ အား/ကာသိပ္ပံ၊ ဟံသာဝတီယူနိုက်တက်၊ စစ်ကိုင်းယူနိုက်တက်၊ ရတနာပုံ၊ ဧရာဝတီယူနိုက်တက်၊ သစ္စာအားမာန်၊ Chinland၊ မြဝတီနှင့် ရန်ကုန်စီးတီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းအသင်းများအနက် ရှမ်းယူနိုက်တက်အသင်းက တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၊ ရန်ကုန်ယူနိုက်တက်အသင်းက ရန်ကုန်မြို့ရှိ YUSC ကွင်း၊ အား/ကာသိပ္ပံအသင်းက သန်လျင်သီဟဒီပကွင်း၊ ဟံသာဝတီယူနိုက်တက်အသင်းက ပဲခူးမြို့ရှိ တိုင်းအားကစားကွင်း၊ ရတနာပုံအသင်းက မန္တလေးမြို့ရှိဗထူးကွင်း၊ ဧရာဝတီယူနိုက်တက်အသင်းက ပုသိမ်မြို့ရှိ ကျောက်တိုင်ကွင်း၊ ရန်ကုန်စီးတီးအသင်းက ရန်ကုန်မြို့ရှိ ပဒေသာ/မြသီတာကွင်းတို့ကို အိမ်ကွင်းအဖြစ် အသုံးပြုမည်ဖြစ်သည်။ ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်ဇယားကို မကြာမီထုတ်ပြန်မည်ဖြစ်သည်။ အိမ်ကွင်း လက်ခံကျင်းပနိုင်ခြင်းမရှိသည့် အသင်းများအတွက် အိမ်ကွင်းပွဲများကို သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။



ရှမ်းယူနိုက်တက်အသင်း၏ အိမ်ကွင်းဖြစ်သည့် တောင်ကြီးကွင်းကို တွေ့ရစဉ်။

MNL အမှတ်ပေးပြိုင်ပွဲကို (၁၇)ကြိမ်မြောက် ကျင်းပမည်ဖြစ်ပြီး ပြီးခဲ့သည့် (၁၆)ကြိမ်တွင် ရှမ်းယူနိုက်တက်အသင်းက ခုနစ်ကြိမ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းက လေးကြိမ် ဗိုလ်စွဲထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် စံချိန်တင် ခုနစ်ကြိမ်မြောက်နှင့် ခြောက်ရာသီဆက် ဗိုလ်စွဲထားသလို အအောင်မြင်ဆုံးဂုဏ်ပုဒ်နှင့်အတူ ငါးကြိမ်မြောက်နှင့် လေးရာသီဆက် တစ်ရာသီလုံးရှုံးပွဲမရှိစံချိန်နှင့်အတူ ချန်ပီယံဆု၊ လိဂ်ပွဲ ၁၀၀ ပြည့် ရှုံးပွဲမရှိစံချိန်များလည်း ပိုင်ဆိုင်ထားသည်။

**သတင်း – ညီမြတ်သော်တာ**
**ဓာတ်ပုံ – စိုးညွန့်သော်**

**❒ နိုင်ငံတကာဖိတ်ခေါ်မှ**

YCDC Dream Team အသင်း၊ MIU အသင်း၊ M2K အသင်းနှင့် TG United အသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားသည်။ ပြိုင်ပွဲကို လေးသင်း နှစ်အုပ်စုခွဲကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး နှစ်သင်းစီ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဩဂုတ် ၁၆ ရက်အထိ ထုတ်ပြန်မှုအရ ပြည်ပကလပ်သုံးသင်းစလုံး ထွက်ပေါ်ခဲ့ပြီး ထိုင်းကလပ် Black Pearl United အသင်း၊ ကမ္ဘောဒီးယားကလပ် Lucky အသင်း၊ အင်ဒိုနီးရှားကလပ် ဘလက်ခ်စတီးအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ယခုကျင်းပမည့် နိုင်ငံတကာဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲမှာ မြန်မာဖူဆယ်လောကတွင် ပထမဆုံး လက်ခံကျင်းပမည့် နိုင်ငံတကာကလပ်ဖိတ်ခေါ်ပြိုင်ပွဲလည်းဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်**
**ဓာတ်ပုံ – MFF**

**❍ MNL ယူ-၂၀ မှ**

ရန်ကုန်စီးတီးအသင်းသည် ဂိုးပြတ်အနိုင်ရလဒ်ဖြင့် ပထမအကျော့နောက်ဆုံးပွဲကို အနိုင်ဖြင့် အဆုံးသတ်နိုင်ခဲ့ပြီး ဇယားအောက်ပိုင်းမှ မြဝတီအသင်းမှာမူ ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ပထမပိုင်းပြီးခါနီးတွင် မြဝတီအသင်းမှ ချစ်ဖူး ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် ရန်ကုန်စီးတီးအသင်း ဦးဆောင်ဂိုးရခဲ့ပြီး နောက်ထပ်အနိုင်ဂိုးများကို ပွဲပြီးခါနီးတွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်စီးတီးအသင်းအတွက် အနိုင်ဂိုးများကို ၈၁ မိနစ်တွင် အောင်ပြည့်ဖြိုး၊ ၉၀ မိနစ်တွင် ကျော်မင်းမောင်တို့က သွင်းယူခဲ့သည်။

ပထမအကျော့အပြီးတွင် အား/ကာသိပ္ပံအသင်းက ၃၂ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး ဒဂုံစတားယူနိုက်တက်အသင်းက ၂၈ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၂၇ မှတ်၊ သစ္စာအားမာန်အသင်းက ၂၄ မှတ်၊ Falcon အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့က ၂၂ မှတ်စီ၊ ရတနာပုံအသင်းက ၂၁ မှတ်၊ Galaxy အသင်းက ၁၉ မှတ်၊ ရန်ကုန်စီးတီးအသင်းက ၁၈ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၄ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၃ မှတ်၊ စစ်ကိုင်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ မြဝတီအသင်းက ခြောက်မှတ်၊ Chinland အသင်းက တစ်မှတ် ရရှိထားသည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MNL**

**❂ ဩဂုတ် ၁၈ ရက်မှ**

ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**■ ကျောဖုံးမှ**

အမျိုးသား ၅၁ ကီလို လူသစ်တန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ မြင့်မြတ်မောင်(အနီ)နှင့် မန္တလေးတိုင်းဒေသကြီးအသင်းမှ မြတ်ဘုန်းခေါင်(အပြာ)တို့ ယှဉ်ပြိုင်ရာ မြင့်မြတ်မောင်(အနီ)က လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ဝွမ်ဆန်ဆိုင်းအောင်(အနီ)နှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းမှ ဒီဆိုင်းလျန်(အပြာ)တို့ ယှဉ်ပြိုင်ရာ ဝွမ်ဆန်ဆိုင်းအောင်(အနီ)က လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ ထွန်းဝေယံလင်း(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ ကျော်ကျော်ဌေး(အပြာ)တို့ ယှဉ်ပြိုင်ရာ ကျော်ကျော်ဌေး(အပြာ)က လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မင်းဘုန်းမြင့်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ ဖိုးသဲ(အပြာ)တို့ ယှဉ်ပြိုင်ရာ ဖိုးသဲ(အပြာ)က လည်းကောင်း၊ အမျိုးသား ၅၄ ကီလို လူသစ်တန်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းမှ စောချစ်လေး(အနီ)နှင့် ရှမ်းပြည်နယ်အသင်းမှ ချစ်ငြိမ်းဦး(အပြာ)တို့ ယှဉ်ပြိုင်ရာ စောချစ်လေး(အနီ)က လည်းကောင်း၊ ကယားပြည်နယ်အသင်းမှ အာကာပိုင်ထူး(အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ထက်ရှိုင်းလွင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ထက်ရှိုင်းလွင်(အပြာ)က လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ တမ်ဟာရှိန်း(အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဖြိုးမင်းသန်း(အပြာ)တို့ ယှဉ်ပြိုင်ရာ တမ်ဟာရှိန်း(အနီ)က လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လင်းသူရအောင်(အနီ)နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ထက်လင်းစံ(အပြာ)တို့ ယှဉ်ပြိုင်ရာ လင်းသူရအောင်(အနီ)က လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသား ၅၇ကီလို လူသစ်တန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ထူးမြတ်လင်း(အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရန်ကျိန်ကျို(အပြာ)တို့ယှဉ်ပြိုင်ရာ ထူးမြတ်လင်း(အနီ)က လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ဝေယံမင်းသူ(အနီ)နှင့် ရှမ်းပြည်နယ်အသင်းမှ ခွဲလင်းထက်နိုင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ဝေယံမင်းသူ(အနီ)က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မြတ်မင်းသူ(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ရန်မျိုးအောင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ရန်မျိုးအောင်(အပြာ)က လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အောင်ထက်ကို(အနီ)နှင့် ကချင်ပြည်နယ်အသင်းမှ နိုင်ထက်ဦး(အပြာ)တို့ ယှဉ်ပြိုင်ရာ အောင်ထက်ကို (အနီ)က လည်းကောင်း၊ အမျိုးသား ၅၇ ကီလို(ဂ အဆင့်)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ကျော်စိုးသန်း(အနီ)နှင့် ကယားပြည်နယ်အသင်းမှ ဝေယံကျော်(အပြာ)တို့ ယှဉ်ပြိုင်ရာ ကျော်စိုးသန်း(အနီ)က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ချမ်းမျိုးထက်(အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ မင်းပြည့်စုံ(အပြာ)တို့ ယှဉ်ပြိုင်ရာ ချမ်းမျိုးထက်(အနီ)က လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ ဟာဂေဟုန်း(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဒွေးကို(အပြာ)တို့ ယှဉ်ပြိုင်ရာ ဟာဂေဟုန်း(အနီ)က လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဝိုင်းချစ်ထွန်း(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ စောစိုးဒို့(အပြာ)တို့ ယှဉ်ပြိုင်ရာ စောစိုးဒို့(အပြာ)က လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၁၇ ရက်တွင် ရိုးရာလက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၃ ဒသမ ၅ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၁ ကီလို (ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို(ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို (ဂအဆင့်)ပြိုင်ပွဲ၊ အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၅၇ ကီလိုပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်အသင်း အဝေးကွင်း၌အနိုင်ရ

၂၀၂၆ အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယပွဲစဉ်ဖြစ်သည့် မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့၏ ပထမအကျော့ပွဲကို ဩဂုတ် ၁၆ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပရာ ဗီယက်နမ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဗီယက်နမ်အသင်းသည် အဝေးကွင်း၌ အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲတက်ရောက်ရန် အခြေအနေကောင်းသွားပြီး မလေးရှားအသင်းမှာမူ ရှန်းကန်ရတော့မည်ဖြစ်သည်။ ဗီယက်နမ်အသင်းသည် ပထမပိုင်းပြီးခါနီးတွင် သွင်းယူသည့် တိုက်စစ်မှူး ငုယင်ရှောင်ဆန်၏ဂိုးဖြင့် ဦးဆောင်ဂိုးရခဲ့ပြီး ဒုတိယပိုင်းပြီးခါနီးတွင် ဒုတိယဂိုးထပ်မံသွင်းယူခဲ့ခြင်းဖြစ်သည်။ ၈၆ မိနစ်တွင် မလေးရှားကစားသမား ဖာရစ် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဩဂုတ် ၁၈၊ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၁၈ ရက်တွင် ထိုင်းနိုင်ငံ၌ ထိုင်းအသင်းနှင့် စင်ကာပူအသင်း၊ ဩဂုတ် ၁၉ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဝေးကွင်း၌ နှစ်ဂိုးအသာဖြင့် အနိုင်ရခဲ့သည့် လက်ရှိချန်ပီယံ ဗီယက်နမ်နှင့် ထိုင်းအသင်းတို့သည် ဗိုလ်လုပွဲတက်ရောက်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။



မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ-AFF

## Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၆

Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား ပြည်ပနိုင်ငံများဖြစ်သည့် စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဩဂုတ် ၁၈ ရက်နေ့ ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့သည် ထိုင်းအားကစားကွင်း၌လည်းကောင်း၊ ဩဂုတ် ၁၉ ရက် ည ၇နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့သည် ဗီယက်နမ်အားကစားကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗိုလ်လုပွဲ ပွဲစဉ်များအား ဩဂုတ် ၂၂ ရက်နှင့် ၂၆ ရက် ည ၇ နာရီခွဲတို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## လက်ရွေးစင်ကွင်းလယ်ကစားသမား ကျော်မင်းဦးနှင့် လွင်မိုးအောင်အပါအဝင် ကစားသမားသစ်လေးဦး ရှမ်းယူနိုက်တက်အသင်းခေါ်ယူ

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနေရှင်နယ်လိဂ် ကလပ် ရှမ်းယူနိုက်တက် အသင်းသည် အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲတွင် ခြေစွမ်းပြခဲ့သည့် မြန်မာ့ လက်ရွေးစင် ကွင်းလယ်ကစားသမား ကျော်မင်းဦး၊ လွင်မိုးအောင် အပါအဝင် လက်ရွေးစင်လူငယ် နောက်ခံလူ ဖြိုးပြည့်စုံ၊ ဘရာဇီး တိုက်စစ်ကစားသမား ကားလို့စ်ဒါမီယန်တို့ကို ခေါ်ယူလိုက်ပြီဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီတွင် MNL အမှတ်ပေး ချန်ပီယံဆု ကာကွယ်နိုင်ရန်အပြင် ပြည်ပပြိုင်ပွဲများတွင် ရလဒ်ကောင်း ရယူနိုင်ရန် လက်ရွေးစင်အဆင့် ကစားသမားများ အင်အားဖြည့်တင်းနေခြင်း ဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းသည် ပြည်တွင်းကစားသမားများအဖြစ် ကျော်မင်းဦး၊ လွင်မိုးအောင်၊ ငြိမ်းချမ်းအောင်၊ စိုးမင်းဦး၊ ဇွဲမာန်သာ၊ ဖြိုးပြည့်စုံနှင့် နောင်နောင်စိုးတို့ကို ခေါ်ယူထားသည်။ ထို့ပြင် ရှမ်းယူနိုက်တက် အသင်းသည် ပြည်ပကစားသမားခြောက်ဦး ခေါ်ယူထားသည်။

ညီမြတ်သော်တာ

## အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲ အုပ်စု (F) ပွဲစဉ်များ ရန်ကုန်မြို့တွင် ယနေ့စတင်မည်ဖြစ်ပြီး ရှောဝတီအသင်း စင်ကာပူကလပ်နှင့် စတင်ကစားရမည်

ရန်ကုန် ဩဂုတ် ၁၆

၂၀၂၆-၂၀၂၇ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(F) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးကလပ် ရှောဝတီအသင်းသည် စင်ကာပူကလပ် အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲကို ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ အုပ်စုခြောက်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပမည့် အုပ်စု(F) တွင် ရှောဝတီ(မြန်မာ)၊ FC Jurong (စင်ကာပူ)၊ New Taipei City Hang Yuan (တရုတ်တိုင်ပေ) နှင့် No Limits (လက်ဘနွန်) တို့ ပါဝင်နေသည်။ အုပ်စု(F)ပွဲစဉ်များကို တစ်ရက်လျှင် နှစ်ပွဲနှုန်း ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၁၇ ရက် ညနေ ၄ နာရီတွင် ရှောဝတီ (မြန်မာ)နှင့် FC Jurong (စင်ကာပူ)၊ ည ၇ နာရီတွင် New Taipei City Hang Yuan တရုတ် (တိုင်ပေ)နှင့် No Limits (လက်ဘနွန်) ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ရှောဝတီအမျိုးသမီးအသင်းသည် ၂၀၂၅-၂၀၂၆ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သဖြင့် အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ရှောဝတီအသင်းသည် လက်ရွေးစင်ကစားသမားအများအပြား ပိုင်ဆိုင်ထားသည့်အပြင် ယခုခြေစစ်ပွဲအတွက် အခြားပြည်တွင်းကလပ်များမှ ဝင်းသိင်္ဂီထွန်း၊ မေသက်မွန်မြင့်၊ လင်းမြင့်မိုရ်၊ ဇင်မိုးပြည့်စသည့်ကစားသမားအချို့ကို ခေါ်ယူထားသလို ဂျပန်ကစားသမားငါးဦးနှင့် အမေရိကန်ကစားသမားတစ်ဦးတို့ကို ခေါ်ယူအားဖြည့်ခဲ့သည်။

ယင်းခြေစစ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၆ ရက်က ပြုလုပ်ရာ ရှောဝတီအသင်းနည်းပြချုပ် ကူမီကိုက "အာရှအမျိုးသမီးချန်ပီယံလိဂ်ကို ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်မအနေနဲ့ ပထမရာသီဝက်ပြီးခါနီးမှ နည်းပြအဖြစ် စတင်တာဝန်ယူခဲ့တာဖြစ်လို့ ပြင်ဆင်ချိန် အများကြီးမရခဲ့ပါဘူး။ ဒါပေမဲ့လည်း အစွမ်းကုန်ကြိုးစားထားပြီး မနက်ဖြန်ပြိုင်ပွဲမှာ အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ။ ဒါပေမဲ့ ကျွန်မတို့အသင်း အနိုင်ရရှိဖို့ပြင်ဆင်ထားတာတွေကို ကွင်းအတွင်း အကောင်းဆုံးပြသသွားမှာဖြစ်သလို မြန်မာနိုင်ငံရဲ့ဂုဏ်ကိုဆောင်နိုင်ဖို့လည်း အစွမ်းကုန် ယှဉ်ပြိုင်သွားပါမယ်"ဟု ပြောကြားသည်။ FC Jurong အသင်း နည်းပြချုပ် ရိုဂီတိုမိက "ရှောဝတီအသင်းမှာ အရည်အသွေးမီတဲ့ကစားသမားကောင်းတွေ အများကြီးရှိသလို သူတို့ဘက်ကလည်း ပွဲအတွက် အသေအချာပြင်ဆင်လာကြတာပါ။ ကျွန်တော်တို့မှာလည်း ဂျပန်ကစားသမားတွေ ပါဝင်လာမှာဆိုတော့ ဒီပွဲဟာ အတော်လေးကို အကြိတ်အနယ်ရှိပြီး ခက်ခဲမယ့်ပွဲတစ်ပွဲဖြစ်လာမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့ကတော့ ကွင်းအတွင်း လိုက်လျောညီထွေရှိအောင် ကစားနိုင်ဖို့ကိုပဲ အဓိကအာရုံစိုက်သွားမှာပါ"ဟု ပြောကြားခဲ့သည်။



ရှောဝတီအမျိုးသမီးအသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်။

သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - MWL

## အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၃ ဦးဖြင့် ဖွဲ့စည်းပြီး ဩဂုတ် ၁၇ ရက် စတင်လေ့ကျင့်မည်

ရန်ကုန် ဩဂုတ် ၁၆

စက်တင်ဘာလတွင် ဂျပန်နိုင်ငံ၌ကျင်းပမည့် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၃ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီး ဩဂုတ် ၁၇ ရက် (ယနေ့) စတင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ်သစ် ကောလင်းဘဲလ်သည် အာရှအားကစားပြိုင်ပွဲအတွက် တစ်လဝန်းကျင် အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ရှောဝတီအသင်းမှ လက်ရွေးစင်ကစားသမားများနှင့် အငှားသွားရောက်ကစားနေသူများမှာ ဩဂုတ် ၂၄ ရက်မှ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ပဏာမလူစာရင်းတွင် ဂိုးသမား- မျိုးမြမြငြိမ်း(သစ္စာအားမာန်)၊ အိစန္ဒာဇော်(ရှောဝတီ)၊ ဖူးလတ်နဒီ၊ ထက်အိန္ဒြာလင်း (အား/ကာသိပ္ပံ)၊ လှလှထွေး (ရတနာပုံ)၊ နောက်တန်း- မေသက်မွန်မြင့် (သစ္စာအားမာန်)၊ လင်းလဲ့ဦး၊ သန်းသန်းနွယ် (အား/ကာသိပ္ပံ)၊ ယုယုနိုင်၊ နန်းစနေမ (ရန်ကုန်ယူနိုက်တက်)၊ ဇွန်သဲဦး၊ ခင်မျိုးသန္တာထွန်း(ရှမ်းယူနိုက်တက်)၊ နှင်းပွင့်အေး(ကလပ်အသင်းမရှိ)၊ ဖြူဖြူဝင်း၊ ဇွန်ယုယဦး၊ ခင်မိုးဝင်း (ရှောဝတီ)၊ အလယ်တန်း-ဝင်းဝင်း၊ ယွန်းဝတီ၊ ဇင်မာထွေး (သစ္စာအားမာန်)၊ ခင်မာလာထွန်း၊ လင်းမြင့်မိုရ် (အား/ကာသိပ္ပံ)၊ ဒေဇီအောင် (ရန်ကုန်ယူနိုက်တက်)၊ နန်းဖြူဖြူသွယ် (ရှမ်းယူနိုက်တက်)၊ နော်ထက်ထက်ဝေ၊ နန်းခိုင်ဇင်မြင့် (ရှောဝတီ)၊ ရှေ့တန်း-မြတ်နိုးခင် (သစ္စာအားမာန်)၊ ရွှေရည်ထွန်း (အား/ကာသိပ္ပံ)၊ စုစုကြည်၊ ဇင်မိုးပြည့် (ရန်ကုန်ယူနိုက်တက်)၊ ဝင်းသိင်္ဂီထွန်း (ရတနာပုံ)၊ ရှုပါခိုင်(ရှမ်းယူနိုက်တက်)၊ စန်းသော်သော်နှင့် မေထက်လူ (ရှောဝတီ)တို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

မောင်ညီ




FFU မင်းမဟော်အသင်းနှင့် Mahar Burma အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

## MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် SGF Youth အသင်း ကိုးပွဲဆက် အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၁၆


MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)ကို ဩဂုတ် ၁၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ SGF Youth အသင်း ကိုးပွဲဆက် အနိုင်ရရှိသည်။

ပွဲစဉ်(၉)တွင် SGF Youth အသင်း Jullniss အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ Avengers Junior အသင်းက မာရိန်းအသင်းကို ငါးဂိုး-ဂိုးမရှိ၊ Pacific Sun Far အသင်းက TKA Stars အသင်းကို ငါးဂိုး-နှစ်ဂိုး၊ Victoria အသင်းက ဘုရှိဒိုအသင်းကို ခြောက်ဂိုး-လေးဂိုး၊ FFU မင်းမဟော်အသင်းက Mahar Burma အသင်းကို သုံးဂိုး-နှစ်ဂိုး၊ United City အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲစဉ်(၉)အပြီးတွင် SGF Youth အသင်းက ၂၇ မှတ်ဖြင့် ဦးဆောင်နေပြီး Victoria အသင်းက ၂၄ မှတ်၊ FFU မင်းမဟော်အသင်းနှင့် Avengers Junior အသင်းတို့က ၁၈ မှတ်စီ၊ Mahar Pacific Sun Far အသင်းက ၁၆ မှတ်၊ Burma အသင်းက ၁၅ မှတ်၊ Jullniss အသင်းက ၁၃ မှတ်၊ TKA Stars အသင်းနှင့် United City အသင်းက ၁၂ မှတ်စီ၊ ရွှေပြည်သာယူနိုက်တက်အသင်းက သုံးမှတ်၊ မာရိန်းအသင်းနှင့် ဘုရှိဒိုအသင်းတို့က တစ်မှတ်စီ ရရှိထားသည်။ **သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MFF**

# တစ်ကျော့ပြန် နျူကလီးယား နည်းပညာ(၂)

**နီဇော်သစ်**




နျူကလီးယားနည်းပညာသည် တစ်ကျော့ပြန်လာရာတွင် ရှေးရိုးစဉ်လာ ဖစ်ရှင်နည်းပညာမဟုတ်တော့ဘဲ ဖျူရှင်နည်းပညာအားပြိုင်မှုဖြစ်လာကြောင်း ရှေ့တစ်ပတ်က မိတ်ဆက်ခဲ့သည်။ ယခု ဖျူရှင်နည်းပညာက ဘယ်လိုမျိုးလဲဆိုသည်ကို အကြမ်းဖျင်းဆွေးနွေးတင်ပြပါမည်။ ၁၉၂၀ ပြည့်နှစ်တွင် ရူပဗေဒဆရာကြီး အာသာအက်ဒင်တမ်က ဆရာကြီး အဲလ်ဘတ်အိုင်းစတိုင်း၏ ဒြပ်ထု-စွမ်းအင် ညီမျှခြင်းကိုသုံးပြီး နေသည် ဟိုက်ဒရိုဂျင်ကို ဟီလီယံအဖြစ်ပြောင်းလဲသည့် နျူကလီးယားဖြစ်စဉ်မှ စွမ်းအင်များ ထုတ်ပေးနေသည်ဟု ပထမဆုံးစပြောခဲ့သည်။ ယင်းမှာ ဖျူရှင်သဘောတရားပင်။ နေ၏ ဗဟိုချက်တွင် ဖြစ်နေသောဖြစ်စဉ်ကို ကမ္ဘာပေါ်တွင် ဘယ်လိုအတုလုပ်မလဲဆိုသည်မှာ ထိုအချိန်မှစ၍ သိပ္ပံပညာရှင်တို့ စဉ်းစားခဲ့ကြသည့်အချက်ဖြစ်သည်။

၁၉၃၀ ပြည့်လွန်နှစ်များမှစ၍ အားနက် ရူသာဖို့ဒ်တို့လို ရူပဗေဒဆရာကြီးများက ဓာတ်ခွဲခန်းထဲတွင် အပေါ့စား နယူကလိယတို့ကို ပေါင်းစပ်နိုင်ဖို့ စတင်စမ်းသပ်ခဲ့ကြသည်။ ထိုနည်းလမ်းများကို ပြောမနေတော့ဘဲ ယနေ့ခေတ်တွင် ခေတ်စားနေသည့် တရုတ်နိုင်ငံ၏ နေအတုနည်းပညာအခြေခံကိုပဲ တန်းသွားလိုက်ပါမည်။ ထိုနည်းပညာကို ၁၉၅၁ ခုနှစ်တွင် ရုရှားသိပ္ပံပညာရှင်များက စတင်ဖော်ထုတ်ခဲ့ကြခြင်းဖြစ်သည်။ တိုကာမက် (tokamak)ဟုခေါ်သော မုန့်လက်ကောက်ပုံ ပိုက်လိုင်းကြီးထဲတွင် ပလာစမာများကိုလှည့်၍ အပူပေးပြီး နေ၏ ဗဟိုချက်လိုမျိုးဖြစ်အောင် အားထုတ်ခဲ့ကြသည်။

ဤနေရာတွင် ပလာစမာအကြောင်း အနည်းငယ်ပြောရမည်ထင်ပါသည်။ ကျွန်တော်တို့ ကမ္ဘာပေါ်တွင် ဒြပ်ဝတ္ထုပစ္စည်းအားလုံးနီးပါးသည် လျှပ်စစ်ဓာတ်မဆောင်။ တစ်နည်းအားဖြင့် သွားကိုင်လျှင် ဓာတ်မလိုက်ဟုဆိုလိုသည်။ လျှပ်စစ်အားဖြင့် မျှခြေကျနေသည်။ အကြောင်းမှာ နယူကလိယထဲမှ ပရိုတွန်အရေအတွက်နှင့် သူတို့ကို ပတ်နေသော အီလက်ထရွန်အရေအတွက် တူညီ၍ဖြစ်သည်။ အခြေအားဖြင့် အစိုင်အခဲ၊ အရည်နှင့် အငွေ့၊ တစ်ခါတစ်ရံ ဖယောင်းဆန်ဆန်အခြေများက များသည်။ နေ၏ဗဟိုချက်တွင်တော့ ထိုသို့မဟုတ်။ ကြီးမားသောအပူနှင့် ဖိအားတို့ကြောင့် အီလက်ထရွန်တို့သည် အက်တမ်ကို စွန့်ခွာထွက်ပြေးသွားကြပြီဖြစ်ပြီး အပေါင်းဓာတ်ဆောင်သော နယူကလိယများသာကျန်ရှိသည်။ ယင်းအခြေကို ပလာစမာအခြေဟုခေါ်ခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင်တော့ မိုးကြိုးပစ်လိုက်သည့်ပတ်ဝန်းကျင်၌ ထိုအခိုက်တွင် ပလာစမာအခြေများ ဖြစ်တည်သွားလေ့ရှိသည်။ သို့သော် မကြာခင်မှာပင် မျှခြေပြန်ဖြစ်သွားသည်။ ထို့ကြောင့် နေ၏ဗဟိုချက်တွင်ဖြစ်နေသလို ဖျူရှင်ဖြစ်အောင်လုပ်ဖို့ ပလာစမာရူပဗေဒသည် အဓိကနေရာမှ ပါဝင်လာသည်။

နေ၏ ဗဟိုချက်ဆိုသည်မှာ အလွန်ပူပြင်းသည့် ပတ်ဝန်းကျင်။ ထိုအပူမျိုးကို ကမ္ဘာပေါ်မှ မည်သည့် အရာကမျှမခံနိုင်။ ထို့ကြောင့် ရုရှားသိပ္ပံပညာရှင် နှစ်ယောက်ဖြစ်သည့် အိုင်ဂေါတမ်းနှင့် အင်ဒရေဆက်ခါရော့ဗ်တို့က ၁၉၅၁ ခုနှစ်တွင် မုန့်လက်ကောက်ပုံ ပိုက်လိုင်းကြီးထဲသို့ ဓာတ်ငွေ့များကိုထည့်၊ ပလာစမာဖြစ်အောင်လုပ်ပြီး အလယ်ကနေ သံလိုက်ဖြင့်လှည့်ကာ အလွန်ပူသော ပလာစမာတို့ကို နံရံနှင့်မထိအောင် ထိန်းချုပ်သည့်နည်းလမ်းကို စတင်စမ်းသပ်ခဲ့သည်။ ထို့နောက်ပိုင်းတွင်မူ ကမ္ဘာတစ်ဝန်း၌ တိုကာမက်စမ်းသပ်ချက်များ သူ့နိုင်ငံနှင့်သူ ပေါ်ထွက်လာသည်။ ထိုစက်များအားလုံးတွင် ရုရှားဆရာနှစ်ယောက်၏ ၁၉၅၈ ခုနှစ်တွင် စတင်လည်ပတ်ခဲ့သော တီ-၁ စက်က အစောဆုံးဖြစ်သည်ဟု မှတ်တမ်းတင်ထားသည်။

ကမ္ဘာပေါ်တွင် နေ၏ဗဟိုချက်လိုဖြစ်အောင်လုပ်နည်းကို အကြမ်းအားဖြင့် ယခုလိုပြောနိုင်သည်။ အရင်ဆုံး တိုကာမက်ထဲမှလေကို ကုန်နိုင်သမျှကုန်အောင်ထုတ်ပြီး ဒူတီရီယမ်နှင့် ထရစ်တီယမ်ဆိုသည့် ဟိုက်ဒရိုဂျင်အိုင်ဆိုတုပ်ဓာတ်ငွေ့များထည့်သည်။ ထို့နောက် တိုကာမက်၏ဗဟိုမှ ဆိုလီနွိုက်ဖြင့် ပတ်လမ်းထဲတွင် လျှပ်စစ်ဖြစ်လာအောင်လုပ်သည်။ ညှို့ခြင်းဖြင့် လျှပ်စစ်ဖြစ်စေခြင်း ဖာရာဒေးနိယာမကိုသုံးသည်။ လျှပ်စစ်သည် ဓာတ်ငွေ့များထဲမှ လွတ်လပ်အီလက်ထရွန်များကို စွမ်းအင်ပေးပြီး အရှိန်မြင့်စေသည်။ စွမ်းအင်မြင့် အီလက်ထရွန်များသည် ဒူတီရီယမ်၊ ထရစ်တီယန် အက်တမ်များကို ဝင်တိုက်ပြီး ထိုအက်တမ်များ၏ အီလက်ထရွန်များကို လွင့်ထွက်ကာ စွမ်းအင်မြင့် အီလက်ထရွန်များ ထပ်ဖြစ်လာစေသည်။ ဤနည်းဖြင့် အပူတက်လာသလို ပလာစမာအိုင်းယွန်းများ ဖြစ်တည်လာသည်။

ထို့နောက် ပတ်လမ်းကို သံလိုက်စွမ်းအင်ပေးလိုက်သည်။ အီလက်ထရွန်များနှင့် အိုင်းယွန်းများသည် ပြင်ပမှသက်ရောက်သည့် သံလိုက်စက်ကွင်းကိုခံစားရသလို ကိုယ်တိုင်ရွေ့လျားမှုကြောင့်ဖြစ်လာသည့် သံလိုက်စက်ကွင်းကိုလည်း ခံစားရသည်။ ထိုသံလိုက်စက်ကွင်းနှစ်ခု ပေါင်းလိုက်ခြင်းသည် တိုကာမက်၏အလှတရားဟု ဆိုနိုင်သည်။ ပလာစမာစီးကြောင်းကြီးကို မုန့်လက်ကောက်ပုံ ပိုက်လိုင်းအတိုင်း နံရံကိုမထိစေဘဲ လှည့်ပတ်စီးဆင်းစေနိုင်၍ပင်။ ပလာစမာစီးကြောင်းဖြစ်လာချိန်တွင် အီလက်ထရွန်များ ပိုမြန်လာသလို ဒူတီရီယမ်နှင့် ထရစ်တီယမ်အိုင်းယွန်းများကို ပိုတိုက်လာနိုင်ကာ အရွေ့စွမ်းအင်ကြောင့်ဖြစ်သည့် အပူကိုလည်း ဆက်လက်တိုးမြင့်လာစေသည်။ ဤနည်းဖြင့် နေ၏ ဗဟိုချက်အပူချိန်ကို ရအောင်လုပ်ခြင်းဖြစ်သည်။ တကယ်တမ်းတွင် တိုကာမက်ထဲ၌ ဖြစ်နေသည့် အပူချိန်က နေ၏ဗဟိုချက်ထက် ၁၀ ဆလောက် ပိုများရသည်။ အကြောင်းမှာ ဖျူရှင်ဖြစ်ဖို့လိုအပ်သည့် နေ၏ဗဟိုချက်မှ ဒြပ်ဆွဲအားမျိုး မရှိ၍ပင်။ ဖိအားနည်းသောကြောင့် ဖျူရှင်ဖြစ်စေရန် အပူချိန် ပိုမြင့်ဖို့ လိုအပ်သည်။


သံလိုက်စက်ကွင်းနှစ်ခုကို သုံးပြီး ပလာစမာစီးကြောင်းကို နံရံနှင့်မထိအောင် ထိန်းထားသည်ဟု ဆိုသော်လည်း အလုံးစုံထိန်းနိုင်သည်တော့မဟုတ်။ အမှုန်အချင်းချင်း တိုက်မိမှု၊ ဂယက်များ၊ သံလိုက်စက်ကွင်း၏ အားနည်းချက်၊ ပလာစမာတို့၏ မတည်ငြိမ်မှု အစရှိသည်တို့ကြောင့် ပင်မပလာစမာစီးကြောင်းကြီးထဲတွင် ဆက်မနေဘဲ တဖြည်းဖြည်းချင်း နံရံဘက်ရွေ့လာသည့် အမှုန်များလည်းရှိသည်။ ယင်းတို့ကိုမူ ဒိုင်ဗာတာဆိုသည့် စက်တစ်မျိုးသုံးပြီး သံလိုက်ဖြင့်ပင် ထိန်းရသည်။

ပလာစမာစီးကြောင်း ပုံမှန်လည်ပတ်စီးဆင်းသွားခြင်းသည် လိုအပ်သည့်အဖြေမဟုတ်သေး။ ရှေ့ကပြောခဲ့သလို အပူချိန်ကို ဒီဂရီစင်တီဂရိတ် သန်း ၁၀၀ လောက်အထိဖြစ်လာအောင် လုပ်ဖို့လိုသည်။ ပလာစမာများ စီးဆင်းခြင်းမှ အပူထွက်ခြင်းသည် လျှပ်စစ်ကို ခုခံရာမှ ထွက်လာသည့်အပူဖြစ်သည်။ ပလာစမာပူလာလေလေ လျှပ်စစ်ကို ခုခံအားကျဆင်းလေဖြစ်သည်။ ထို့ကြောင့် အပူဆက်ထွက်စေရန် ပြင်ပမှ အကူအညီပေးရသည်။ တစ်နည်းမှာ ဟိုက်ဒရိုဂျင်အက်တမ်များအရှိန်ဖြင့် ပစ်သွင်းခြင်းဖြစ်သည်။ ထိုသို့ ပစ်သွင်းခြင်းဖြင့် ဟိုက်ဒရိုဂျင်အက်တမ်များသည် ပလာစမာအတွင်းရှိ အိုင်းယွန်းများနှင့် အီလက်ထရွန်များနှင့် စွမ်းအင်လွှဲပေးပြီး ပလာစမာကို ပိုမိုပူလာစေသည်။ နောက်တစ်နည်းမှာ လျှပ်စစ်သံလိုက်လှိုင်းပေးခြင်းဖြစ်သည်။ မိုက်ခရိုဝေ့နည်းဟုလည်း ခေါ်သည်။ လျှပ်စစ်သံလိုက်စွမ်းအင်ကို ပလာစမာက ရယူပြီး အပူစွမ်းအင်အဖြစ် ပြောင်းသည့်ပုံစံဖြစ်သည်။

ယခုလောက်ဆိုလျှင် နေ၏ ဗဟိုချက်တွင် ဖြစ်နေသည့် ဖျူရှင်သဘောတရားကို ကမ္ဘာပေါ်၌ လုပ်နိုင်အောင် လိုအပ်သည့်အပူချိန် ဘယ်လိုဖန်တီးသလဲဆိုသည့်အကြောင်း အကြမ်းဖျင်း သဘောပေါက်သွားကြလောက်ပါပြီ။ သို့သော် ဖျူရှင်ကို မရောက်သေးပါ။ နောက်တစ်ပတ်တွင် ဖျူရှင်ဖြစ်ပုံနှင့် ထိုနည်းပညာတွင် မည်သည့်နိုင်ငံက မည်မျှတိုးတက်နေပြီဆိုသည့်အကြောင်းတို့ကို ဆက်လက်တင်ပြသွားပါမည်။

---

# အာကာသသည် ဟင်းလင်းပြင်မဟုတ်



လွန်ခဲ့သော နှစ်ပေါင်း ၉၀၊ ၁၉၃၆ ခုနှစ်က ရူပဗေဒပညာရှင် ဝါနာဟိုင်းဇင်းဘတ်နှင့် တပည့်ဖြစ်သူ ဟန်စ်အွိုင်လာတို့က အာကာသသည် ဘာမျှမရှိသည့် ဟင်းလင်းပြင်မဟုတ်ဘဲ အီလက်ထရွန်-ပိုစီထရွန်အမှုန်စုံတွဲတို့ ဖြစ်ပျက်နေသည့် ပင်လယ်တစ်ခုဖြစ်သည်ဟု အဆိုပြုခဲ့သည်။ ကွမ်တမ်မက္ကင်းနစ်ကို အခြေပြု၍ တည်ဆောက်ထားသော ထိုအဆိုပြုချက်ကို အားလုံးကလက်ခံခဲ့ကြသော်လည်း ယနေ့အချိန်အထိ လက်တွေ့ သက်သေမပြနိုင်သေးပေ။

ယခု ဂျော့ဝါရှင်တန်တက္ကသိုလ်မှ ရူပဗေဒဘွဲ့လွန်ကျောင်းသား ရက်ချယ် စတူးဝပ် ဦးဆောင်သည့်အဖွဲ့က ကြယ်သေ အကြွင်းအကျန်တစ်ခုထဲမှ လာသည့် အချက်ပြမှုများကို လေ့လာရင်း ထိုအဆိုပြုချက်ကို အတည်ပြုနိုင်ခဲ့ပြီဖြစ်သည်။ ထိုသဘောတရားကို သာမန်နေရာများတွင် အတည်ပြု၍မရနိုင်သော်လည်း မဂ္ဂနက်တာဟုခေါ်သည့် သံလိုက်အား အလွန်ပြင်းသော အရာများ၏ အနီးတွင်မူ လေ့လာစမ်းသပ်၍ ရနိုင်သည်ဟု သီအိုရီက အဆိုပြုထားသည်။ အကြောင်းမှာ အလွန်ပြင်းသော သံလိုက်စက်ကွင်းအနီးရှိ အာကာသထဲတွင် နှစ်ထပ်အလင်းယိုင်ခြင်းဖြစ်ပါက အာကာသသည် ဘာမှမရှိသည့် ဟင်းလင်းပြင်မဟုတ်ဟု သက်သေပြနိုင်၍ဖြစ်သည်။

စတူးဝပ်တို့အဖွဲ့က ကြယ်သေတစ်လုံးကိုလေ့လာရင်း အဆိုပါနှစ်ထပ်အလင်းပြန်မှုကို ထောက်လှမ်းမိခဲ့ခြင်းဖြစ်သည်။ “အဲဒီ ကြယ်သေကိုကြည့်နေရင်း ကျွန်တော်တို့ရလာတဲ့ သတင်းအချက်အလက်က ကျွန်တော်တို့ သိထားတဲ့ အမှန်တရားအတိုင်းဖြစ်နေပါတယ်။ အလွန်ကို အံ့ဩဝမ်းသာဖို့ကောင်းပါတယ်”ဟု စတူးဝပ်က ဆိုသည်။

စာတမ်းတွဲဖက်ရေးသားသူ တစ်ဦးဖြစ်သည့် မစ်ရှယ်လာနီဂရိုးက “ကျွန်မတို့ဟာ နက္ခတ္တဝတ္ထုတွေကို လေ့လာနေရုံတင်မဟုတ်တော့ပါဘူး။ အဲဒါတွေကို အသုံးချပြီး လောကသဘာဝကို နားလည်အောင်လုပ်တာ ဖြစ်နေပါပြီ” ဟု ဆိုသည်။

နက္ခတ္တဗေဒ ပညာရှင်တို့သည် ယခင်က ထိုသို့ဖြစ်စဉ်မျိုးကို တွေ့ရှိခဲ့ဖူးသော်လည်း ကောက်ချက်မချနိုင်ခဲ့ကြပေ။ ၂၀၁၇ ခုနှစ်က တစ်ကြိမ်၊ ၂၀၂၅ ခုနှစ်က တစ်ကြိမ် တွေ့ရှိခဲ့ကြသည်။ ယခု လေ့လာတွေ့ရှိချက်ကမူ ကြယ်သေအကြွင်းအကျန်၏ ပတ်ဝန်းကျင်တွင် နှစ်ထပ်အလင်းယိုင်သည့် သဘောတရားကို အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

Ref: space.com

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။
ကြေးမုံစာတည်းအဖွဲ့

# A Basic Spoken English Course

ယခင်တစ်ပတ်က Lesson 5: My Daily Routine (နေ့စဉ်လုပ်ဆောင်ချက်များ) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Lesson 6: Likes and Dislikes (ကြိုက်နှစ်သက်မှုနှင့် မနှစ်သက်မှုများ) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Lesson 6: Likes and Dislikes

ကြိုက်နှစ်သက်မှုနှင့် မနှစ်သက်မှုများကို ပြောခြင်း

**1. What do you like? "ဘာကို ကြိုက်သလဲ?" လို့ မေးခြင်း**

What do you like? = ဘာကို ကြိုက်သလဲ။
I like music. = ကျွန်တော် သီချင်းကြိုက်တယ်။
I like football. = ကျွန်တော် ဘောလုံးကြိုက်တယ်။
I like reading. = ကျွန်မ စာဖတ်ရတာကြိုက်တယ်။

**Pattern: I like + noun.**

I like music. / I like coffee. / I like dogs. / I like English.

**Pattern with activities**

**I like + V-ing.**

I like swimming. / I like reading. / I like cooking. / I like dancing.

မှတ်ရန် — လုပ်ဆောင်ချက်တစ်ခုကို **"လုပ်ရတာ ကြိုက်တယ်"** လို့ပြောရင် **like + V-ing** ကို သုံးရပါတယ်။

**2. What don't you like? "ဘာကို မကြိုက်ဘူးလဲ။"**

What don't you like? = ဘာကို မကြိုက်ဘူးလဲ။
I don't like coffee. = ကျွန်တော် ကော်ဖီမကြိုက်ဘူး။
I don't like snakes. = မြွေမကြိုက်ဘူး။
I don't like cooking. = ဟင်းချက်ရတာ မကြိုက်ဘူး။

**Pattern: I don't like + noun.**

I don't like tea. / I don't like cats. / I don't like rain.

**Pattern with activities: I don't like + V-ing.**

I don't like running. / I don't like cleaning. / I don't like waiting.

**3. Do you like ...? "... ကို ကြိုက်သလား"**

.... ကြိုက်သလားလို့ မေးချင်ရင်— **Do you like + noun?**

**Examples:**

Do you like coffee? ကော်ဖီကြိုက်သလား။
Do you like football? ဘောလုံးကြိုက်သလား။
Do you like English? အင်္ဂလိပ်စာကြိုက်သလား။
Do you like cats? ကြောင်တွေကြိုက်သလား။

**4. Short Answers (Yes, I do. / No, I don't)**

Do you like coffee?
Yes, I do. = ကြိုက်တယ်။
Do you like coffee?
No, I don't. = မကြိုက်ဘူး။
မှတ်ရန်။ ။ Yes, I like. / No, I don't like. လို့ မဖြေရပါ။

**5. Talking About Favorite Things**

What is your favorite ...?
What is your favorite food? မင်းအကြိုက်ဆုံးအစားအစာက ဘာလဲ။
My favorite food is fried rice. အကြိုက်ဆုံးအစားအစာက ထမင်းကြော်ပါ။

**More examples:**

What is your favorite colour?
❖ My favorite colour is blue.
What is your favorite sport?
❖ My favorite sport is table tennis.
What is your favorite fruit?
❖ My favorite fruit is mango.
What is your favorite subject?
❖ My favorite subject is English.

**6. Like Very Much**

ပိုပြီး ကြိုက်တယ်လို့ ပြောရင် I like ... very much. ကို သုံးရပါတယ်။
I like English very much. အင်္ဂလိပ်စာကို အရမ်းကြိုက်တယ်။
I like mangoes very much. သရက်သီးကို အရမ်းကြိုက်တယ်။
ကြိုက်နှစ်သက်တာထက် ပိုတယ်၊ မြတ်နိုးတယ်လို့ ပြောချင်ရင် I love ... ကို သုံးရပါတယ်။
I love music. = သီချင်းကို မြတ်နိုးတယ်။
I love animals. = တိရစ္ဆာန်တွေကို မြတ်နိုးတယ်။




**7. I Don't Like ... Very Much**

"သိပ်တော့ မကြိုက်ဘူး" ဆိုရင်— I don't like ... very much. ကို သုံးရပါတယ်။
I don't like spicy food very much. အစပ်အစားအစာကို သိပ်မကြိုက်ဘူး။
I don't like coffee very much. ကော်ဖီကို သိပ်မကြိုက်ဘူး။
ဒီနေရာမှာ I don't like ... very much လို့ပြောတာက I hate... (ငါမုန်းတယ်) လို့ ပြောတာထက် ပိုကောင်းပါတယ်။

**Useful Speaking Patterns**

I like ______.
I don't like ______.
Do you like ______?
Yes, I do.
No, I don't.
What do you like?
What don't you like?
What is your favorite ______?
My favorite ______ is ______.
I like ______ very much.
I don't like ______ very much.

*********************************

**Exercise 1: Fill in the blanks**

**Fill in the blanks with like / don't like.**

I ______ music.
I ______ coffee.
I ______ English.
I ______ snakes.
I ______ swimming.
I ______ cooking.
I ______ dogs.
I ______ spicy food.
I ______ reading books.
I ______ playing football.

**Exercise 2: Make Questions**

**Make questions with Do you like...?**

**Example:**

**you / music > Do you like music?**

you / coffee > ________________________?
you / football > ________________________?
you / cats > ________________________?
you / English > ________________________?
you / swimming > ________________________?
you / cooking > ________________________?
you / mangoes > ________________________?
you / reading > ________________________?
you / dogs > ________________________?
you / pizza > ________________________?

**Exercise 3: Answer the Questions**

**Answer with Yes, I do. or No, I don't.**

Do you like English? > ______
Do you like coffee? > ______
Do you like football? > ______
Do you like cats? > ______
Do you like dogs? > ______
Do you like swimming? > ______
Do you like cooking? > ______
Do you like reading? > ______
Do you like spicy food? > ______
Do you like rainy days? > ______

**Exercise 4: Complete the Dialogues**

**Dialogue 1**
A: Do you like coffee?
B: Yes, __________.

**Dialogue 2**
A: Do you like football?
B: No, __________.

**Dialogue 3**
A: What do you like?
B: I __________ music.

**Dialogue 4**
A: What is your favorite food?
B: My favorite food __________ fried rice.

**Dialogue 5**
A: Do you like swimming?
B: Yes, __________.

**Exercise 5: Choose the Correct Answer**

1. I ______ music.
   A. like B. likes C. liking
2. She ______ coffee.
   A. like B. likes C. liking
3. Do you ______ football?
   A. like B. likes C. liking
4 Yes, I ______.
   A. do B. does C. am
5. No, I ______.
   A. don't B. doesn't C. not
6. I like ______ books.
   A. read B. reading C. reads
7. I don't like ______.
   A. swim B. swimming C. swims
8. My favorite food ______ noodles.
   A. am B. are C. is
9. What ______ you like?
   A. do B. does C. are
10. What is your favorite ______?
   A. colour B. colours C. colouring

**Exercise 6: Translate into English**

1. ကျွန်တော် သီချင်းကြိုက်တယ်။
2. ကျွန်မ ကော်ဖီမကြိုက်ဘူး။
3. မင်း ဘောလုံးကြိုက်သလား။
4. ဟုတ်တယ်၊ ကြိုက်တယ်။
5. မဟုတ်ဘူး၊ မကြိုက်ဘူး။
6. မင်းဘာကို ကြိုက်သလဲ။
7. ကျွန်တော် စာဖတ်ရတာ ကြိုက်တယ်။
8. ကျွန်မ ရေကူးရတာ မကြိုက်ဘူး။
9. မင်းအကြိုက်ဆုံးအစားအစာက ဘာလဲ။
10. ကျွန်တော့်အကြိုက်ဆုံးအစားအစာက မုန့်ဟင်းခါးပါ။

**Exercise 7: Speaking Practice**

**Students work in pairs.(A ကမေးပြီး B ကဖြေပါ)**

| **Student A asks:** | **Student B answers** |
|---|---|
| Do you like coffee? | Use: |
| Do you like tea? | Yes, I do. |
| Do you like football? | No, I don't. |
| Do you like music? | I like ______. |
| Do you like English? | I don't like ______. |
| Do you like reading? | My favorite ______ is ______. |
| Do you like cooking? | |
| Do you like swimming? | |
| What do you like? | |
| What is your favorite food? | |

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

❖ **အာဆင်နယ်မှ**

အာဆင်နယ်အသင်းသည် ဦးဆောင်ဂိုးရရှိပြီးနောက်လည်း တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၈ မိနစ်တွင် ဒုတိယဂိုး ထပ်မံရရှိခဲ့သည်။ ကိုင်ဟာဗတ်ဇ်က ခေါင်းတိုက်၍ သွင်းယူခဲ့ပြီး ခရစ္စတိုစ် ဇိုလစ်က ဂိုးဖန်တီးပေးခဲ့သည်။ ထို့ကြောင့် ပထမပိုင်းအပြီးတွင် အာဆင်နယ်က ၂-၀ ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ပြီး မကြာမီ ပွဲချိန် ၄၈ မိနစ်တွင် အာဆင်နယ်အသင်းက တတိယဂိုး ရရှိခဲ့သည်။ မာတင်အိုဒီဂတ်က သွင်းယူခဲ့ခြင်းဖြစ်ပြီး ခရစ္စတိုစ် ဇိုလစ်က ထပ်မံဖန်တီးပေးခဲ့သည်။ ထို့ကြောင့် ဇိုလစ်သည် ယင်းပွဲတွင် ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

သုံးဂိုးပြတ်ဖြင့် ဦးဆောင်ပြီးနောက် အာဆင်နယ်အသင်းက ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့ပြီး မန်စီးတီးအသင်းအနေဖြင့် အခွင့်အရေးများရရှိခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ အာဆင်နယ်ဂိုးသမား ဒေးဗစ် ရာယာ၏ ကာကွယ်မှုများကလည်း အသင်း၏အနိုင်ရလဒ်နှင့် ပေးဂိုးမရှိစံချိန်အတွက် အရေးပါခဲ့သည်။

အာဆင်နယ်အသင်းအတွက် ယခုပွဲအောင်ပွဲသည် ကွန်မြူနတီဒိုင်း (၁၈) ကြိမ်မြောက် ရရှိခြင်းဖြစ်ပြီး ရာသီသစ်မစတင်မီ ဆုဖလားတစ်လုံးဖြင့် အောင်မြင်စွာစတင်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ယခုပွဲတွင် အာဆင်နယ်၏ ပွဲအစပိုင်း ဖိအားပေးကစားနိုင်မှု၊ တိုက်စစ်မှူးများ၏ အခွင့်အရေးအသုံးချနိုင်မှုနှင့် နောက်တန်း၏စုစည်းကာကွယ်မှုတို့က အဓိကအနိုင်ရစေခဲ့သည့်အချက်များဖြစ်သည်။ မန်စီးတီးအသင်းအတွက်မူ နည်းပြသစ် အန်ဒို မာရက်စ်ကာလက်ထက် ပထမဆုံးအရေးပါသည့်ပွဲတွင် အာဆင်နယ်၏ဖိအားပေးမှုကို ထိထိရောက်ရောက် မတုံ့ပြန်နိုင်ခဲ့ခြင်းက အဓိကအားနည်းချက်ဖြစ်ခဲ့သည်။

**မင်းသုတ**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။ ■

## ဖခင်အမည်မှန်

နောင်ချိုမြို့၊ အထက-၁ Grade-7 မှ မခင်မျိုးနွယ်၏ ဖခင်အမည်မှန်မှာ ဦးမိုးသိန်း [၈/ခမန(နိုင်)၁၀၈၈၅၈] ဖြစ်ပါကြောင်း။

**ဦးမိုးသိန်း**

## မိခင်အမည်မှန်

ခရမ်းမြို့နယ်၊ အ.ထ.က(ခွဲ)၊ ဘိုကလေးမှ Grade-12 ကျောင်းသူ မဖြူဇင်ဖွေး၏ မိခင်အမည်မှန်မှာ ဒေါ်သန်း [၁၂/ခရန(နိုင်)၀၃၇၀၂၈] ဖြစ်ပါကြောင်း။

**ဒေါ်သန်း**
**[၁၂/ခရန(နိုင်)၀၃၇၀၂၈]**

## အမည်မှန်

ဝေါမြို့နယ်၊ အ.ထ.က-မြစ်ကျိုးကျောင်း၊ Grade-4 မှ (ဘ)ဦးသန်းလင်းအောင် [၇/ဝမန(နိုင်)၁၆၉၅၃၀]၏ သား မောင်မိုးမင်း၏ အမည်မှန်မှာ မောင်ပြည့်စုံပိုင် ဖြစ်ပါကြောင်း။

**မောင်ပြည့်စုံပိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၉၈၁)၊ အကျယ်(၄၀'x၆၀')၊ မြေအမျိုးအစား - ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးအောင်သာ (CP-၀၉၂၂၅၃) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူထားရှိသူ (စရန်ငွေလက်ခံသူ) ဒေါ်ဆုသက်ဝေ [၁/မကန(နိုင်)၁၈၁၂၆၀]က မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးမင်းဇော်**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၈၇၆၅ )**
**တိုက်အမှတ် (B-20)၊ အခန်းအမှတ် (102)၊ မြေညီထပ်၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ၄၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြေကွက်အမှတ် (၁၀၇၆/ခ)၊ ဧရိယာ(၁၂၀၀) စတုရန်းပေ၊ မြေအမျိုးအစား - နှစ် (၆၀) မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၀၇၆/ခ)၊ ဝဇီရာ (၇)လမ်း၊ (င) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် (စရန်ငွေလက်ခံသူ) ဒေါ်မေသန္တာစိုး [၁၂/ဒလန(နိုင်)၀၄၀၅၂၆]က မိမိတစ်ဦးတည်း တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးမင်းဇော်**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၈၇၆၅ )**
**တိုက်အမှတ် (B-20)၊ အခန်းအမှတ် (102)၊ မြေညီထပ်၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ၄၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။**

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်(၄၁)၊ လူနေရပ်ကွက်အမှတ်(တ/၁၅)ရပ်ကွက်၊ ပန်းခြံ(၁၉)၊ အောင်သပြေလမ်း၊ ခြံမြေအမှတ် (၁၈၂/က)ဟုခေါ်တွင်သော မူလခြံမြေ အကျယ်ဧရိယာ အလျားxအနံ(၂၀x၆၀)ပေမှ ခွဲခြမ်းစိတ်ဖြာရောင်းချပြီး ကျန်မြေခြေရင်းဘက်အခြမ်း အလျားxအနံ(၁၀x၆၀)ပေပေါ်တွင် ဆောက်လုပ်ထားသည့် အုတ်ညှပ်ထပ်ခိုးပါ နှစ်ထပ်အိမ်အပါအဝင် ဦးတင်ရွှေ အမည်ပေါက် အိုးအိမ်ပါမစ် မူရင်း၏မိတ္တူများ လက်ဝယ်ရှိ၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့် ပတ်သက်ပြီး ခြံမြေအကျယ် အလျားxအနံ(၁၀x၆၀) ပေ၏ ခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ ဝယ်ယူထားပြီး ဦးတင်ရွှေ အမည်ပေါက် အိုးအိမ်ပါမစ်မူရင်းကိုင်ဆောင်ထားသူ ဒေါ်စိုးစိုးရီထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအနီကူးမား [၇/ဖမန(ပြု)၀၁၀၄၇၀]က စရန်ငွေပေးချေထားပါ၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများယူဆောင်ပြီး ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအနီကူးမား၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးစံပယ်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၄၈)**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၇၉၉၇၄၁၃၃၂၊ ၀၉- ၄၂၉၁၃၇၈၄၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/တိုးချဲ့)၊ ဥသဿဖရား(၂)လမ်း၊ မြေကွက်အမှတ်(၃၆၆)၊ မြေအကျယ်အဝန်း (၁၀ပေx၆၀ပေ)၊ (အလယ်ကွက်)မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်သန်းအေး (HGU-၀၉၇၉၈၂)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးစဖိုးထက်[၁၄/မမန(နိုင်)၁၉၂၁၃၇] သည် နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ် အရောင်းအဝယ် ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလှနွယ် [၁၂/ဥကတ(နိုင်) ၁၃၉၇၆၉] ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလှနွယ်က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုလှိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)**
**အမှတ်(၁၅၄)၊ ပထမထပ်၊ ဥက္ကာ(၆)လမ်း၊ (ဂ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၂၀၈၈၆၉၁**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့နယ်၊ အထကရေဝေကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်မိုးမိုးဝင်း (ဒုတိယ အလယ်တန်းပြ) [၉/မထလ(နိုင်) ၁၃၇၇၅၇]၏ မွေးသက္ကရာဇ်မှာ ၄-၅-၁၉၈၀ အမှန်ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ် ဆင်မင်းအိုင်ကျေးရွာနေ (G-8) မှ မောင်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော်ဦးဖြစ်ပါသည်။

**ဦးဝင်းကျော်ဦး**
**[၁၂/ခရန(နိုင်)၁၄၇၆၇၄]**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ လူနေရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၅၅၇)၊ သခင်ဖိုးလှကြီးလမ်းဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧကေ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မိမိပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း ကတိပြုရောင်းချသူ ဦးထွန်းမြင့်[၁၂/အစန(နိုင်) ၁၃၃၈၀၁]+ ဒေါ်ခင်အေးမြင့် [၁၂/အစန(နိုင်) ၁၃၃၈၀၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိမ့်သိမ့်သွယ်[၈/ပခက(နိုင်)၂၅၀၁၈၅]နှင့် ဦးဇော်လွင်[၉/ကပက(နိုင်) ၁၇၅၀၆၉]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများတင်ပြပြီး လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး LL.B, D.I.L, D.B.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ (၄၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ( ၆ ) လမ်း၊ အမှတ်(၃၈)နေ ဒေါ်အိန္ဒြာအောင် (ခ) မငယ်လေး (ဘ)ဦးထွေးအောင် [၁၂/အစန(နိုင်)၂၂၁၇၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော မအိန္ဒြာအောင် (ခ) မငယ်လေး [၁၂/အစန(နိုင်)၂၂၁၇၁] ကိုင်ဆောင်သူ၏ နာမည်ဂုဏ်သတင်း ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် အင်တာနက် လူမှုကွန်ရက်ပေါ်ရှိ (Facebook, Comment , Like and Share, Viber , Messenger, SMS, group chat, Tiktok, Telegram, Wechat) နှင့် အခြားသော Social media များပေါ်တွင် ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေသော မမှန်ကန်သည့် အကြောင်းအရာများ ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ မှတ်ချက်ပေးခြင်းများ ပြုလုပ်ခြင်းတို့ကြောင့် ကျွန်ုပ်မိတ်ဆွေ အပါအဝင် ၎င်း၏မိသားစုများအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အီလက်ထရောနစ် ဆက်သွယ်ရေးနည်းပညာရပ် တစ်ခုခုဖြင့် အသုံးပြုပြီး ထိခိုက်နစ်နာဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာစေသော ခြိမ်းခြောက်မှုများပြုလုပ်ခဲ့ပါက ပြုလုပ်သူများအပေါ် တည်ဆဲဥပဒေများအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိန္ဒြာအောင်(ခ)မငယ်လေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက် (၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-31066498,09-769147794**

## မိဘအမည်မှန်

ခရမ်းမြို့နယ်၊ မူလွန် (ကမာပတော)မှ Grade-3 ကျောင်းသား မောင်အောင်ဘုန်းပြည့်၏ မိဘအမည်မှန်မှာ ဦးဇင်ကို[၁၂/ခရန(နိုင်)၁၃၉၄၃၂] နှင့် ဒေါ်သဇင်ဝေ [၁၂/ခရန(နိုင်)၁၄၉၇၉၆] ဖြစ်ပါကြောင်း။

**ဦးဇင်ကို**
**[၁၂/ခရန(နိုင်)၁၃၉၄၃၂]**

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အ.ထ.က-မြစ်ကျိုးကျောင်း၊ Grade-5 မှ မောင်ဟိန်းသုခပိုင်၏ ဖခင် အမည်မှန်မှာ ဦးမင်းပိုင်စိုး [၁၀/ခဆန(နိုင်) ၁၁၂၃၃၅] ဖြစ်ပါကြောင်း။

**ဦးမင်းပိုင်စိုး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း(တောင်)ရပ်ကွက်၊ မအူပင်လမ်း၊ အမှတ် (၅၀/က)၏ (၆-လွှာ) (ခေါင်းရင်းခန်း) ဟုခေါ်တွင် တည်ရှိပြီး (ရေ + မီး)ပါဝင်သော တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ခင်မြင့်လွင် (AA - 000946) [၁၂/ကမရ(နိုင်)၀၁၃၈၂၃]က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင် လက်ဝယ်ရှိသည့်အပြင် တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်ပိုင်ဆိုင်မှုဆိုင်ရာ အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိပါကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်း/အဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာ စာချုပ်စာတမ်း (မူရင်း) အထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်း အရောင်း/အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်ဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၅၀၀၉၈)**
**အမှတ်(၂၄)၊ (၆)လွှာ၊ စမ်းချောင်းလမ်း၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၀၆၁၀၁၃၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

